**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး**

အဋ္ဌမနေ့**မှတ်တမ်း**

**၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၈ ရက်**

**( ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂ ရက် )**

**[သောကြာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ အဋ္ဌမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး အဋ္ဌမနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၆)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၁.၉၆)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေးရဲ့ အဋ္ဌမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၂။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသား

လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး အဌမနေ့ ၂-၆-၂၀၁၇ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။

ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဒေါက်တာဒွေးကြွယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁)၊ သထုံအကျဉ်းထောင်သွားရောက်လေ့လာရန်။ ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးအောင်ကျော်စိုး၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဦးဝင်းကြိုင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးကျော်သိန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းထွန်းအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်မောင်အုန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ဆေးကုသမှုခံယူရန်။ ဒေါ်ကျိုန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးစောမိုးမြင့်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကျန်းမာရေး။ ဦးစောဘီစံသိန်းမြင့်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းဇော်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁)ဦးနှင့် ယနေ့ခွင့်ပန်ကြားသူ(၁၇)ဦးဖြစ်ပြီး၊ စုစုပေါင်း ခွင့်ပန်ကြားသူ(၁၈)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။　　။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး အဌမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၇)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၁၈)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ပလက်ဝမြို့နယ်အတွင်း အစိုးရဌာနတစ်ခုခုမှ အောက်ခြေဝန်ထမ်း၊ အမှုထမ်းအသစ်များ လျှောက်လွှာ ခေါ်ယူရာတွင် ချင်းပြည်နယ်၏ မြို့တော်ဖြစ်သော ဟားခါးမြို့သို့ ကိုယ်တိုင်သွားရောက်လျှောက်ထားခြင်း၊ အင်တာဗျူးဖြေရခြင်းတို့ကို ပလက်ဝမြို့တွင်သာ ပြောင်းလဲပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ယခု ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဌေ့တင်း က ပလက်ဝ မြို့နယ်အတွင်း အစိုးရဌာနတစ်ခုခုမှ အောက်ခြေဝန်ထမ်း၊ အမှုထမ်းအသစ်များ လျှောက်လွှာခေါ်ယူ

ရာတွင် ချင်းပြည်နယ်၏ မြို့တော်ဖြစ်သော ဟားခါးမြို့သို့ ကိုယ်တိုင်သွားရောက်လျှောက်ထားခြင်း၊ အင်တာဗျူးဖြေရခြင်းတို့ကို ပလက်ဝမြို့တွင်သာ ပြောင်းလဲပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးဇော့တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။**　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော့တင်း ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်သည် မြန်မာနိုင်ငံ၏ မြောက်ဘက် အိန္ဒိယနိုင်ငံ၊ အနောက်ဘက် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် တောင်ဘက်တွင် ရခိုင်ပြည်နယ်တို့နဲ့ နယ်နိမိတ်ထိစပ်လျက်ရှိပါတယ်။ တောင်တန်း၊ တောင်ကုန်းများ၊ လျှိုမြောင်များအထပ်ထပ်နှင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ဖုန်းအဆက်အသွယ်များလည်း ခက်ခဲနေဆဲပင် ဖြစ်ပါတယ်။ မြို့နယ်အတွင်း မတူပီနှင့် ကားလမ်းဖောက်ထားသည်ဆိုသော်ငြားလည်း မြေနီလမ်းကြမ်းသာဖြစ်ပြီး မြေပြိုမှုကြောင့် ဒီနေ့ထိတိုင် ကား၊ ဆိုင်ကယ်များ သွားလာဖို့ မရသေးပါ။ အရေးပေါ်ကိစ္စ၊ ဌာနဆိုင်ရာကိစ္စနှင့် အခြားလူမှုကိစ္စအဝဝအတွက် ချင်းပြည်နယ်၏ မြို့တော်ဟားခါးသို့ သွားမည်ဆိုပါက ပလက်ဝမှ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးများကို ဖြတ်ကျော်၍ ယနေ့ထိတိုင် သွားလာရဆဲဖြစ်ပါတယ်။ အဆိုပါ ပြည်နယ်နှင့် တိုင်းဒေသကြီးများကို ဖြတ်ကျော်သွားလာခဲ့ရ၍ ခရီးစရိတ်များကုန်ကျမှု အလွန်များပြားလွန်းပါတယ်။ ပလက်ဝမြို့မှ မြို့တော်ဟားခါးသို့ သွားမည်ဆိုပါက အသွားအပြန်(၅)ရက်မှ (၇)ရက်ထိ ကြန့်ကြာမှုရှိပါတယ်။ ငွေကြေးများစွာကုန်ကျသည့်အပြင် အချိန်အားဖြင့်လည်း ရက်ရှည်သည့်အတွက် ဒီလိုမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်ကတော့ ပလက်ဝမြို့နယ်အတွင်း အစိုးရဌာနတစ်ခုခုမှ အောက်ခြေဝန်ထမ်း၊ အမှုထမ်းအသစ်များ လျှောက်လွှာခေါ်ယူရာတွင် ချင်းပြည်နယ်၏ မြို့တော်ဖြစ်သော ဟားခါးမြို့သို့ ကိုယ်တိုင်သွားရောက်လျှောက်ထားခြင်း၊ အင်တာဗျူးဖြေရခြင်းကို မိမိတို့ ပလက်ဝမြို့တွင်သာ ပြောင်းလဲပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း ပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။**　　။ မေးခွန်းနဲ့ ပတ်သက်ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌ က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၀၉။**

**ဒေါက်တာဝင်းသိန်း (ဥက္ကဋ္ဌ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇေ့တင်း မှ ပလက်ဝမြို့နယ်အတွင်း အစိုးရဌာနတစ်ခုခုမှ အောက်ခြေဝန်ထမ်း၊ အမှုထမ်းအသစ်များကို လျှောက်လွှာခေါ်ယူရာတွင် ချင်းပြည်နယ်၏ မြို့တော် ဖြစ်သော ဟားခါးမြို့သို့ ကိုယ်တိုင်သွားရောက်လျှောက်ထားခြင်း၊ အင်တာဗျူးဖြေရခြင်းတို့ကို ပလက်ဝမြို့ တွင်သာ ပြောင်းလဲပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြ မေးခွန်းကို မေးမြန်းလာ သည့်အတွက် ချင်းပြည်နယ်အစိုးရအဖွဲ့၏ ဖြေကြားချက်ကို ချင်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြည်ထောင်စုရာထူးဝန်အဖွဲ့က ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ချင်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်အဆင့်ဌာနများအနေဖြင့် မိမိလက်အောက်ရှိ ခရိုင်၊ မြို့နယ် ရုံးများအတွက် အောက်ခြေဝန်ထမ်း၊ အမှုထမ်းအသစ်များ လျှောက်လွှာခေါ်ယူရာတွင် သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်များတွင်သာ လျှောက်လွှာခေါ်ယူပေးလျက်ရှိပြီး ဝန်ထမ်းခန့်အပ်နိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်၊ ခရိုင်များမှ လျှောက်လွှာများကို ပြည်နယ်သို့ ပေးပို့ရပါတယ်။ ပြည်နယ်အဆင့် ဌာနဆိုင်ရာများမှ ချင်းပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်လျက်ရှိပြီး လိုအပ်ပါက သက်ဆိုင်ရာ ရုံးချုပ်သို့ အဆင့်ဆင့် ပေးပို့ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အချို့သော ဌာနဆိုင်ရာ များမှာ လစ်လပ်ဝန်ထမ်းများခေါ်ယူရာတွင် သက်ဆိုင်ရာ ရုံးချုပ်၏ ညွှန်ကြားချက်အရ တစ်ပြည်နယ် လုံးအတွက် လျှောက်လွှာခေါ်ယူရကာ ရေးဖြေ၊ လူတွေ့၊ နှုတ်ဖြေကိစ္စရပ်များအား ချင်းပြည်နယ်၏ မြို့တော် ဟားခါးမြို့တွင်သာ ဖြေဆိုစေခြင်းဖြစ်ပါ၍ ပလက်ဝမြို့နယ်အတွင်း အစိုးဌာနတစ်ခုခုမှ အောက်ခြေဝန်ထမ်း၊ အမှုထမ်းအသစ်များ လျှောက်လွှာခေါ်ယူရာတွင် ချင်းပြည်နယ်၏မြို့တော်ဖြစ်သော ဟားခါးမြို့သို့ ကိုယ်တိုင်သွားရောက်လျှောက်ထားခြင်း၊ အင်တာဗျူးဖြေရခြင်းတို့ကို ပလက်ဝမြို့ တွင်သာ ပြောင်းလဲဆောင်ရွက်ပေးရန် အစီအစဉ် မရှိပါကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး မှတစ်ဆင့် လေးစားစွာ ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ အခက်အခဲတင်ပြချက်များကို လည်း သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ချင်းပြည်နယ်အစိုးရအဖွဲ့တို့သို့လည်း တိုက်တွန်း ဆွေးနွေး ပေးသွားမှာဖြစ်ကြောင်းကို ထပ်ဆင့် တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက်ဖြေကြားပေးတဲ့ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည် ထွက်ခွာနိုင်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်ငါးဦး မေးမြန်းတဲ့ မေးခွန်းများဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ကျောက်တော်မှ စပါးဆိပ်(ပီ)နယ်မြေ ၄/ထရံထိ ကျေးရွာချင်းဆက်လမ်းအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် က ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ကျောက်တော်မှ စပါးဆိပ်(ပီ)နယ်မြေ ၄/ထရံထိ ကျေးရွာချင်းဆက်လမ်းအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို သာလီစွပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ အမျိုးသားလွှတ်တော်ကြီးမှာ ကျေးရွာချင်းဆက်လမ်းနဲ့ ပတ်သက်တဲ့ ကြယ်ပွင့်ပြ မေးခွန်းတစ်ခုကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီနေ့မေးမြန်းတဲ့ ကျေးရွာချင်းဆက်လမ်းဟာ ဒီအမျိုးသားလွှတ်တော်ကြီးထဲမှာ ကျွန်တော်မေးမြန်းတဲ့ ကျေးရွာချင်းဆက်လမ်း(၄)လမ်းမြောက် လမ်းဖြစ်ပါတယ်။ ဒီလမ်းဟာ ကျွန်တော့်မဲဆန္ဒနယ် ကျောက်တော်မြို့နယ်ရဲ့ မြောက်ဘက်ထွက်ပေါက်၊ ချင်းပြည်နယ် ပလက်ဝမြို့နယ်အထိ ဖောက်လုပ်လို့ရတဲ့ လမ်းတစ်လမ်းဖြစ်ပါတယ်။ လမ်းရဲ့ အရှည်မိုင်က (၂၁)မိုင်ရှိပါတယ်။ ဒီလမ်းဟာ ကစ္ဆပနဒီမြစ်လက်တက်ဖြစ်တဲ့ ပီချောင်းရဲ့ ဝဲဘက်ခြမ်းတွင်ရှိတဲ့ ကျေးရွာ(၂၇)ရွာကို အကျိုးပြုပြီး၊ လူဦးရေအားဖြင့် (၁၇၅၀၆)ဦးကို အကျိုးပြုတဲ့ လမ်းတစ်လမ်းလည်း ဖြစ်ပါတယ်။ ယခင်ခေတ်အဆက်ဆက်က လမ်းကို လုံးဝ မမြင်ဘူးဘဲ ရေလမ်းကြောင်းကိုပဲ အဓိကအားထားပြီး သွားလာနေရတဲ့ အရပ်ဒေသတစ်ခု ဖြစ်ပါတယ်။ ကျောက်တော်မြို့မှာ စပါးဆိပ်(ပီ) ၄/ထရံထိ(၂၁)မိုင်တွင် ၂၀၁၄-၂၀၁၅ ခုနှစ်၊ ဘဏ္ဍာနှစ်တွင် (၂)မိုင်၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် (၄)မိုင်နဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် (၂)မိုင်၊ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် သမ္မတကြီးရဲ့ မေတ္တာစေတနာကြောင့် သမ္မတသီးသန့်ရန်ပုံငွေမှ ကျပ်သန်းပေါင်း (၃၆၅၆)သန်းကို ရခိုင်ပြည်နယ်အတွက် ခွင့်ပြုခဲ့ပြီး ကျောက်တော်မြို့နယ်အတွက် ဒီ စပါးဆိပ်(ပီ) ၄/ထရံလမ်းပိုင်းတွင်

မြေသားလမ်းပိုင်း (၅)မိုင်နှင့် ရေပြွန်(၁၀)ခုကို ကျပ်သန်းပေါင်း(၁၂၄.၈)သန်းကို ရရှိခဲ့ပါတယ်။ လုပ်ငန်းကတော့ ပြီးစီးခဲ့ပါပြီ။ ကျွန်တော်ကိုယ်တိုင် သွားရောက်ကြည့်ရှုခဲ့ပါတယ်။ သီးသန့်ရန်ပုံငွေမှ ခွင့်ပြုပေးခဲ့တဲ့ သမ္မတကြီးကိုလည်း အထူးကျေးဇူးတင်တယ်လို့ ပြောလိုပါတယ်။ နောက်နောင်မှာလည်း ရခိုင်ပြည်နယ်အတွက် သီးသန့်ရန်ပုံငွေမှ များများခွင့်ပြုပေးနိုင်ပါစေလို့လည်း ဆုတောင်းပေးအပ်ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလက်ရှိ ကျွန်တော်ဆွေးနွေးတဲ့အထဲမှာ မြေသားလမ်း(၁၃)မိုင် ဖောက်လုပ်ပြီးပါပြီ။ (၈)မိုင် ဖောက်လုပ်ရန် ကျန်ရှိနေပါသေးတယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ်ဟာ မိုးများတဲ့ အရပ်ဒေသတစ်ခုပါ။ အဲဒါကြောင့် မြေသားလမ်းနဲ့တော့ အဆင်မပြေနိုင်ပါ။ ၂၀၁၄-၂၀၁၅ ခုနှစ်၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ဖောက်လုပ်ခဲ့တဲ့ လမ်းအပိုင်းမှာဆိုရင် အခုအချိန်မှာ သွားလာ၍မရတော့ပါ။ ပျက်စီးကုန်ပါပြီ။ ယခုဖောက်လုပ်တဲ့ လမ်းအပိုင်းဟာလည်း အခုမိုးရာသီပြီးတာနဲ့ သွားလာဖို့အဆင်ပြေနိုင်မယ့် အခြေအနေမရှိတော့ပါ။ အဲဒါကြောင့် ဒီလမ်းပေါ်မှာ (၁၀၀)ပေ အကျယ်ရှိတဲ့ တံတားတစ်စင်းနဲ့ (၈၀)ပေအကျယ်ရှိတဲ့ တံတားတစ်စင်း တံတား(၂)စင်းရှိနေပါတယ်။ အခုတံတားကိုလည်း အနည်းဆုံး ကားသွားလာ၍ရတဲ့အဆင့်ထိ ပြုလုပ်ပြီးမှ ဒီအရပ်ဒေသမှ ပြည်သူများ သွားလာရေးအဆင်ပြေမှာပါ။ အဲဒါကြောင့် ဒီ ပီချောင်းဒေသ ပြည်သူများ သွားလာရေး အဆင်ပြေရေးကို ရှေးရှုပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းကို မေးမြန်းအပ်ပါတယ်ခင်ဗျား။

ကျောက်တော်မြို့နယ်၊ ကျောက်တော်မှ စပါးဆိပ်(ပီ)နယ်မြေ ၄/ထရံထိ ကျေးရွာချင်းဆက်လမ်းအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျောက်ချောလမ်းခင်းပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

**ပြည်သူ့ဘဏ္ဍာငွေ ကျပ်သန်းပေါင်း (၁၂၇၀၀)ကျော် အကုန်အကျခံ၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော ဝါးပါးဆည်၊ ကျူံထော်ရေထိန်းတံခါး၊ ရပ်ဆိုင်းနေသော ဒုံသမိ လျှပ်စစ်မြစ်ရေတင် စီမံကိန်းများသည် မူရင်း လျာထားချက် မပြည့်မီသည့်အပေါ် ၎င်းစီမံကိန်း(၃)ခုအား ပြန်လည်စိစစ်သုံးသပ်၍ ဒေသခံတောင်သူလယ်သမားများ မျှော်လင့်လျက်ရှိသည့် သီးထပ် နွေစပါးစိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်က ပြည်သူ့ဘဏ္ဍာငွေ ကျပ်သန်းပေါင်း(၁၂၇၀၀)ကျော် အကုန်အကျခံ၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော ဝါးပါးဆည်၊ ကျူံထော်ရေထိန်းတံခါး၊ ရပ်ဆိုင်းနေသော ဒုံသမိ လျှပ်စစ်မြစ်ရေတင် စီမံကိန်းများသည် မူရင်း လျာထားချက် မပြည့်မီသည့်အပေါ် ၎င်းစီမံကိန်း(၃)ခုအား ပြန်လည်စိစစ်သုံးသပ်၍ ဒေသခံတောင်သူလယ်သမားများ မျှော်လင့်လျက်ရှိသည့် သီးထပ် နွေစပါး စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဒေါက်တာဇော်လင်းထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းလိုသော မေးခွန်းမှာ သထုံမြို့နယ်တွင် ပြည်သူ့ဘဏ္ဍာငွေ ကျပ်သန်းပေါင်း(၁၂၇၀၀) ကျော် အကုန်အကျခံ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော စီမံကိန်းများသည် မူရင်း လျာထားချက် မပြည့်မီသည့်အပေါ် ၎င်းစီမံကိန်းများအား ပြန်လည်စိစစ်သုံးသပ်၍ ဒေသခံတောင်သူလယ်သမားများ မျှော်လင့်လျက်ရှိသည့် သီးထပ်နှမ်းစပါး စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်၏ မဲဆန္ဒနယ် သထုံမြို့သည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း ဖြင့် အသက်မွေးဝမ်းကျောင်းပြုရာမြို့ ဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ စာရင်းဇယားများအရ လျာထား ဧက(၁၃၀၀၀၀)ကျော်ရှိပါတယ်။ ယခင်က ဆန်စပါးမှာ ဒေသအတွင်း ဖူလုံသည့်အပြင် နီးစပ်ရာ ကရင်ပြည်နယ်၏ ဆန်စပါးလိုအပ်ချက်အတွက်လည်း အဓိကဖြည့်ဆည်းခဲ့သော မြို့ဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်သူတို့သည် လူတန်းစေ့ဘဝရပ်တည်နိုင်မှု၊ သားသမီးများ၏ ပညာရေး၊ အနာဂတ်အတွက် လိုအပ်သော ဝင်ငွေပိုင်းဆိုင်ရာ လုံခြုံစိတ်ချမှုရှိသည့်အပြင် ဒေသ၏ငွေလည် ပတ်စီးဆင်းမှုအတွက် အဓိကအားထားရသည့် လုပ်ငန်းဖြစ်ခဲ့ပါတယ်။

သို့သော် ယခုဆယ်စုနှစ်အတွင်း ရာသီဥတုမမှန်ကန်မှုကြောင့် လယ်သမားများအနေဖြင့် မိုးစပါးစိုက်ပျိုးရာတွင် အမြတ်အစွန်းမရရှိသည့်အပြင် ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ကြုံတွေ့လာရပါတယ်။ ထို့ကြောင့် မိဘရဲ့ မျိုးရိုးအမွေဖြစ်တဲ့ လယ်ယာမြေများကို ရသည့်ဈေးနှုန်းဖြင့်ရောင်းချကာ တင်ရှိ သော အကြွေးများကိုဆပ်၍ လုပ်အားခမြင့်မားသည့် နိုင်ငံရပ်ခြားတိုင်းပြည်များသို့ သွားရောက် အလုပ်လုပ်ကိုင်ကြရသည့်အတွက် ဒေသမှာ လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးမှု မြင့်တက်လာခဲ့ ပါတယ်။

ဒေသ၏ လယ်ယာစိုက်ပျိုးမှုဟာ စက်မှုလယ်ယာအဆင့်မရှိဘဲ လက်မှုလယ်ယာအဆင့်သာ ရှိသဖြင့် ရေရှည်တွင် ဖြေရှင်းရခက်ခဲသည့် ပြဿနာတစ်ရပ်ဖြစ်လာခဲ့ပါတယ်။ ဒေသခံသက်တမ်းရင့် တောင်သူလယ်သမားတို့အနေဖြင့် မိုးစပါးအောင်ရေရရှိရေး၊ သီးထပ်နှမ်းစပါး သို့မဟုတ် အခြားသီးနှံများ စိုက်ပျိုးရေးအတွက် လုံလောက်သော စိုက်ပျိုးရေရှိရန် လိုအပ်ပါတယ်။ မိုးစပါးသည် ရာသီဥတု မမှန်မှုကြောင့် ပျိုးပင်များကို အနည်းဆုံး နှစ်ကြိမ်မှ သုံးကြိမ်အထိ ပြန်လည်စိုက်ပျိုးရခြင်း၊ စိုက်ပျိုးချိန် (၆)လ၊ (၇)လခန့် ကြာမြင့်ပြီး တစ်ဧကလျှင် တင်း(၅၀)နှုန်းခန့်သာ ထွက်ရှိပါတယ်။ နွေစပါးမှာမူ စိုက်ပျိုးချိန် (၄)လခန့်သာ ကြာမြင့်ပါတယ်။ ပျမ်းမျှတစ်ဧကလျှင် တင်း(၁၀၀)နှုန်းခန့် ထွက်ရှိ၍ ကျပ်နှစ်သိန်းခန့် အကျိုးအမြတ်ရရှိကြောင်း တွေ့ရှိရပါတယ်။ ထို့ကြောင့် ဒေသခံတောင်သူ လယ်သမားများအနေဖြင့် နွေစပါးစိုက်ပျိုးရန်သာ ဆန္ဒရှိကြပါတယ်။

သထုံမြို့နယ်တွင် သီးထပ်နှမ်းစပါးစိုက်ပျိုးရန်အတွက် စီမံကိန်း(၃)ခုကို ချမှတ်အကောင်အထည် ဖော်ခဲ့တာ တွေ့ရှိရပါတယ်။ ထိုစီမံကိန်းများမှာ ၁၉၉၁-၁၉၉၄ ခုနှစ်တွင် သီးထပ်နွေစပါး (၂၄၀၀)ဧက ရေသွင်းစိုက်ပျိုးရန် ရည်ရွယ်၍ ကျပ်သန်းပေါင်း(၅၂.၁၃) အကုန်ကျခံ၍ တည်ဆောက်ခဲ့သော ဝါးပါးဆည် စီမံကိန်း၊ ၂၀၀၂-၂၀၀၅ တွင် လယ်ဧက(၂၂၀၀၀)အတွက် အကျိုးပြုနိုင်ရန် ရည်ရွယ်၍ ကျပ်သန်းပေါင်း (၅၃၅)သန်း အကုန်အကျခံ၍ တည်ဆောက်ခဲ့သော ကျုံထော်ရေထိန်းတံခါးစီမံကိန်း၊ ၂၀၀၅ ခုနှစ်တွင် နွေစပါးဧက(၂၀၀၀၀)နှင့် အခြားသီးနှံဧက(၁၃၀၀၀)တို့အား ရေပေးဝေနိုင်ရန် ရည်ရွယ်၍ ကျပ်သန်း ပေါင်း(၁၂၀၀၀)ကျော် အကုန်အကျခံ၍ တည်ဆောက်ခဲ့သော ဒုံသမိ မြစ်ရေတင်စီမံကိန်းများ ရှိခဲ့ ပါတယ်။

ထိုသို့ ဧက(၅၇၀၀၀)ကျော်ကို ရေပေးဝေရန် ရည်ရွယ်၍ စီမံကိန်းများ ချမှတ်ခဲ့သော်လည်း ယခုအခါ မြေစာရင်းဌာန အထောက်အထားများအရ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် နွေစပါးစိုက်ပျိုးနိုင် သောဧကမှာ (၁၀၆)ဧကသာရှိကြောင်း တွေ့ရှိရပါတယ်။ ထို(၁၀၆)ဧကမှာလည်း လိုအပ်သောအချိန် တွင် အောင်ရေ မရရှိမှုကြောင့် ယခုအခါ (၁၀)ဧက၊ ဆယ်ဂဏန်းလောက်သာ စိုက်ပျိုးနိုင်ကြောင်း တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့ဘဏ္ဍာငွေ ကျပ်သန်းပေါင်း(၁၁၇၀၀)ကျော် အကုန်အကျခံ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ထိုစီမံကိန်း(၃)ခုအား ပြန်လည်စိစစ် သုံးသပ်၍ ဒေသခံ တောင်သူလယ်သမားများ မျှော်လင့်ချက်ရှိသည့် သီးထပ်နွေစပါး စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက် ပေးသွားရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ချောင်းဝကျေးရွာ အုပ်စု၊ သဲအင်းဂူ - နှောကုန်း - သိုက်ကုန်း ကျေးရွာ ချင်းဆက်လမ်းနှင့် ကျိုးကျလုနီးဖြစ်နေသော သိုက်ကုန်း သစ်သားတံတားတို့အား လာမည့် ဘဏ္ဍာရေးနှစ်များ အတွင်း ဖောက်လုပ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဖေချစ် က ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ချောင်းဝကျေးရွာအုပ်စု၊ သဲအင်းဂူ - နှောကုန်း - သိုက်ကုန်း ကျေးရွာချင်းဆက်လမ်းနှင့် ကျိုးကျလုနီးဖြစ်နေသော သိုက်ကုန်း သစ်သားတံတားတို့အား လာမည့် ဘဏ္ဍာရေးနှစ်များအတွင်း ဖောက်လုပ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၁။**


**ဦးဖေချစ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းများ ပြည့်စုံလျက် မင်္ဂလာအပေါင်း ခညောင်းကြပါစေကြောင်း ဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်က ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

ဦးဖေချစ် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကို အထောက်အကူဖြစ်စေမယ့် Projector Power Point အသုံးပြုခွင့်ပေးပါရန် တောင်းခံပါရစေခင်ဗျား။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ ချောင်းဝ ကျေးရွာအုပ်စု၊ သိုက်ကုန်း၊ နှောကုန်းကျေးရွာများဟာ ဖွံ့ဖြိုးတိုးတက်မှု လွန်စွာနောက်ကျနေသော ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ကျေးရွာများဖြစ်ပါတယ်။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်နှင့် ယခု ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်များ ဘတ်ဂျက်မှ ချမှတ်ပေးသော ကျေးလက်ဖွံ့ဖြိုးရေး ငွေကျပ်သိန်း(၁၀၀၀) စီမံကိန်းများတွင်လည်း ပါဝင်ခဲ့ခြင်း မရှိပါဘူး။ အိမ်ထောင်စု(၁၅၈)စုတို့သည် ဆန်စပါး၊ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရောင်းချခြင်းဖြင့် အသက်မွေးနေထိုင် ကြသူများဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးနေ ပြည်သူတို့၏ စားသောက်ရေးဟင်းလျာနှင့် ဆန် လိုအပ်မှု ဖြည့်ဆည်းကြသူများဖြစ်ကြပါတယ်။ ရန်ကုန် - ပြည် လမ်းမကြီးမှ (၃)မိုင်အကွာ သဲအင်းဂူ ဝိပဿနာတရားစခန်း ကျောင်းဝင်းအထိ၊ သဲအင်းဂူဆရာတော်ဘုရားကြီး၏ စိုက်ထုတ်ပေးမှုဖြင့် ကွန်ကရစ်လမ်းခင်းပေးခဲ့ပြီးသော်လည်း သဲအင်းဂူမှ သိုက်ကုန်းအထိ နှောကုန်းရွာကိုဖြတ်လျက် အရှည်ပေ(၁၁၈၀၀)ကျော် ဂဝံမှုန့်ခင်း မြေသားလမ်းမှာ အခု Power Point တွင် ပြထားသည့်အတိုင်း နှစ်စဉ် ဇွန်လမှ နိုဝင်ဘာလအထိ လမ်းလျှောက်၍ မရလောက်အောင်ဖြစ်နေပြီး သစ်သားတံတား မှာလည်း ကျိုးကျလုနီးပါး ပျက်စီးနေပါတယ်။

အခြေခံပညာအလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် ကျောင်းသူ၊ ကျောင်းသားဦးရေ (၃၂၀)ကျော် ကျောင်းတက်၊ ကျောင်းဆင်း ကြီးမားစွာ ခက်ခဲနေရပါသောကြောင့် ကျေးရွာချင်းဆက် ကွန်ကရစ် သို့မဟုတ် မြေသားလမ်းနှင့် သစ်သားတံတားတို့အား လာမည့် ဘဏ္ဍာရေးနှစ်များတွင် ဆောက်လုပ် တည်ဆောက်ပေးရန် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံး ကို ကျေးဇူးတင်ပါတယ်။

ပျက်စီးနေသော နှောကုန်း သစ်သားတံတား၏ မြင်ကွင်းပုံ (စ)



သဲအင်းဂူ-နှောကုန်း-သိုက်ကုန်းရွာချင်းဆက် မြေလမ်း၏ မြင်ကွင်းပုံ (စ-၁)



သဲအင်းဂူ-နှောကုန်း-သိုက်ကုန်းရွာချင်းဆက် မြေလမ်း၏ မြင်ကွင်းပုံ (စ-၂)



**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဂျပန်ချေးငွေဖြင့် တောင်သူလယ်သမားများအား နှစ်ရှည်၊ နှစ်တို ငွေများချေးပေးရန် စီမံကိန်းများ ရေးဆွဲနေခြင်းနှင့် ၎င်းဝန်ကြီးဌာန၏ သမဝါယမဦးစီးဌာနမှလည်း တောင်သူလယ်သမားများအား ငွေထုတ်ချေးပေးနေခြင်းတို့နှင့်စပ်လျဉ်း၍ သိရှိလိုသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးကင်းရှိန် က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဂျပန်ချေးငွေဖြင့် တောင်သူလယ်သမားများအား နှစ်ရှည်၊ နှစ်တိုငွေများ ချေးပေးရန် စီမံကိန်းများ ရေးဆွဲနေခြင်းနှင့် ၎င်းဝန်ကြီးဌာန၏ သမဝါယမဦးစီးဌာနမှလည်း တောင်သူလယ်သမားများအား ငွေထုတ်ချေးပေးနေခြင်းတို့နှင့် စပ်လျဉ်း၍ သိရှိလိုသည့် မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဦးကင်းရှိန်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားရပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်အမှတ် (၉)မှ ဦးကင်းရှိန် ဖြစ်ပါတယ်ခင်ဗျား။

ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းများကတော့ ပြည်ထောင်စုအစိုးရ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ဂျပန်ချေးငွေများဖြင့် ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းအနောက်ပိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ နေပြည်တော်ကောင်စီ စတဲ့ တိုင်းနဲ့

ပြည်နယ်များမှာ တောင်သူလယ်သမားများကို နှစ်ရှည်၊ နှစ်တိုငွေများ ထုတ်ချေးမယ်လို့ သိရှိရပါတယ်ခင်ဗျား။ အဆိုပါ ဝန်ကြီးဌာနလက်အောက်ရှိ သမဝါယမဦးစီးဌာနမှလည်း တောင်သူလယ်သမားများကို အာမခံပေးမည့်သူ နှစ်ဦးစီဖြင့် လယ်သမားတစ်ဦးချင်းစီကို ငွေများ ထုတ်ချေးပေးနေသည်ဟု သိရှိရပါတယ်။

သမဝါယမဦးစီးဌာနမှာ ဆောင်ရွက်လျက်ရှိသော ငွေထုတ်ချေးမှုမှာ ကျယ်ပြန့်ပြီး မြန်မာပြည်အနှံ့ တိုင်းဒေသကြီးနှင့် ပြည်နယ်များ ပါဝင်မည်ဖြစ်ပါတယ်ခင်ဗျား။ ၎င်းအပြင် ပြည်ထောင်စုအစိုးရသည် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြင့်တက်ရေးအဖွဲ့ကို ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့မှာ ပြင်ဆင်ဖွဲ့စည်းပြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအထိဖွဲ့စည်းပြီး လယ်ယာမြေ အရှုပ်အရှင်းကိစ္စများကို ရှင်းလင်းလုပ်ကိုင် ဆောင်ရွက်နေကြောင်း သိရှိရပါတယ်ခင်ဗျား။ အထက်ပါ အဖွဲ့အစည်းများအားလုံးသည် တောင်သူလယ်သမားများ၏ လူနေမှုဘဝမြင့်တင်ရေး၊ ဆင်းရဲမှုပပျောက်ရေး၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ တိုးတက်ထွန်းကားရေး၊ အသီးအနှံများ စံချိန်မီပြီး ကမ္ဘာ့ဈေးကွက်သို့ ဝင်ရောက်နိုင်ရေးအတွက် လုပ်ဆောင်နေသည်ဟု ယုံကြည်မိပါသည်ခင်ဗျား။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သို့သော်လည်း ဌာနက၊ ဌာနအလိုက်၊ ကော်မတီ၊ ကော်မတီအလိုက် သူ့နည်းနဲ့သူ၊ ငါ့နည်းနဲ့ငါ လုပ်ဆောင်သွားကြမယ်ဆိုရင် တောင်သူလယ်သမားများကြားမှာ မလိုလားအပ်သောပြဿနာများ ဖြစ်ပေါ်လာနိုင်မလားဟု ကျွန်တော် စိုးရိမ်မိပါတယ်ခင်ဗျား။ ဝန်ကြီးဌာနမှ ချေးတဲ့ငွေ၊ သမဝါယမဦးစီးဌာနမှ ချေးတဲ့ငွေ၊ အနည်းအများရရှိမှုက အကြောင်းမဟုတ်ပါဘူးခင်ဗျား။ ငွေက မိမိပိုင်ဆိုင်ထားတဲ့ ဧကအလိုက် ရမှာကို၊ ပြဿနာက တစ်ခါရသူနဲ့ နှစ်ခါရသူရပြီး ဒီအထဲမှာ တစ်ခါမှမရတဲ့သူလည်း ရှိချင် ရှိပါဦးမယ်ခင်ဗျား။ နောက်တစ်ခါ ပြဿနာဖြစ်နေတဲ့ လယ်သမားတွေ သိမ်းထားတဲ့လူတွေ ပေးမှာလား၊ သိမ်းဆည်းခံတဲ့လူတွေ ပေးမှာလား စသည့် ပြဿနာကလည်း ရှိပါသေးတယ်ခင်ဗျား။ ကျွန်တော်တို့ တောင်သူလယ်သမားတွေ ချေးငွေတွေကို အခက်အခဲမရှိဘဲ လွယ်လွယ်ကူကူ ရစေချင်ပါတယ်။ လွတ်လွတ်လပ်လပ် စိုက်ပျိုးလုပ်ကိုင်နိုင်စေချင်ပါတယ်။ ခေတ်မီတဲ့ သိပ္ပံနည်းကျစိုက်ပျိုးရေးနည်းပညာတွေလည်း အကူအညီရစေချင်ပါတယ်။ ထွက်ပေါ်လာတဲ့အသီးအနှံများအတွက်လည်း ဈေးကွက်အပြည့်အဝ ရှိစေချင်ပါတယ်။ ရိုးသားကြိုးစားသလောက် ခေတ်အဆက်ဆက် ခံစားနေရတဲ့ တောင်သူလယ်သမားများ ဆင်းရဲမွဲတေခြင်းမှ အမြန်ဆုံး လွတ်ကင်းစေချင်ပါတယ်။ ကျွန်တော်တို့ တောင်သူလယ်သမားများရဲ့ဘဝ တိုးတက်မှ ကျွန်တော်တို့တိုင်းပြည် တိုးတက်မှာပါခင်ဗျား။

လေးစားရသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမြန်းလိုတဲ့ အဓိကအချက်ကတော့ ကျွန်တော်တင်ပြထားတဲ့ အချက်လက်ပြဿနာများ မဖြစ်စေဘဲ လယ်သမားများ အဆင်ပြေစေချင်တဲ့ဆန္ဒနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီတို့အားလုံး ညှိနှိုင်းတိုင်ပင်ဆွေးနွေးပြီး လုပ်၊ မလုပ်၊ ညှိနှိုင်းတိုင်ပင်ခြင်း ရှိ/မရှိ သိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခြင်းဖြစ်ပါတယ်ခင်ဗျား။

ဝန်ကြီးရဲ့ အဖြေစကားဟာ တောင်သူလယ်သမားများ ပျော်ရွှင်နိုင်သော၊ ဝမ်းသာနိုင်သော၊ အကျိုးရှိစေသောစကားများ ဖြစ်ပါစေလို့ ဆုတောင်းရင်း ကျွန်တော် မေးခွန်းကို အဆုံးသတ်ပါရစေခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ရခိုင်ပြည်နယ်၌ ဆားငန် ဒီရေတားတမံများကို စီမံကိန်းများဖြင့် Master Plan ရေးဆွဲပြီး အရှိန်အဟုန်မြှင့် တည်ဆောက်ရန်နှင့် ထိုသို့တည်ဆောက်ရန် ပြည်ထောင်စုရန်ပုံငွေဖြင့် မလုံလောက်ပါက World Bank, ADB၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ ချေးငွေ၊ ထောက်ပံ့ငွေများရယူပြီး တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ် က ရခိုင်ပြည်နယ်၌ ဆားငန် ဒီရေတားတမံများကို စီမံကိန်းများဖြင့် Master Plan ရေးဆွဲပြီး အရှိန်အဟုန်မြှင့် တည်ဆောက်ရန်နှင့် ထိုသို့တည်ဆောက်ရန် ပြည်ထောင်စုရန်ပုံငွေဖြင့် မလုံလောက်ပါက World Bank, ADB၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ ချေးငွေ၊ ထောက်ပံ့ငွေများရယူပြီး တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဝန်ကြီး၊ ကိုယ်စားလှယ်များကို ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)က ဦးခင်မောင်လတ် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဟာ ဆန်စပါးတင်ပို့တဲ့ ထိပ်သီးနိုင်ငံတစ်ခု ဖြစ်ခဲ့ဖူးပါတယ်။ ရခိုင်ပြည်နယ်ဟာလည်း မြန်မာနိုင်ငံရဲ့ ဒုတိယစပါးကျီ ဖြစ်ခဲ့ဖူးပါတယ်။ ရခိုင်ပြည်နယ်ရဲ့ အရန်စီးပွားရေးဖြစ်တဲ့ ရေလုပ်ငန်းဟာ စီးပွားဖြစ် ကုန်ထုတ်တဲ့အဆင့် မရှိတော့ပါဘူး။ ထမင်းစား၊ ဟင်းစား ရှာဖို့တောင်မှ အခက်အခဲရှိပါတယ်။ ရေနံဓာတ်ငွေ့လုပ်ငန်း ဆိုတာကလည်း နိုင်ငံတော်က ထိန်းချုပ်ထားတာ ဖြစ်ပါတယ်။ ဒီတော့ ရခိုင်ပြည်နယ် စီးပွာရေးဟာ ဆန်စပါးတစ်ခုကိုပဲ အမှီပြုရပါတော့တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၏ လယ်ယာမြေတစ်ဝက်ကျော်ဟာ ပင်လယ်ပြင်မှ မိုင်(၂၀)အတွင်းမှာ ရှိပါတယ်။ အဲဒါကြောင့် တာတမံတွေဟာ ဆန်စပါးလုပ်ငန်းရဲ့အသက် ဖြစ်လာပါတယ်။ ဆန်စပါး လုပ်ငန်းပျက်စီးတာဟာ ဆားငန်ရေကြောင့်၊ လယ်မြေစွန့်ခွာရတာလည်း ဆားငန်ရေကြောင့်ဖြစ်တဲ့အတွက် ဒီဆားငန်ရေတွေဟာ ရခိုင်ပြည်နယ်ရဲ့ စီးပွားရေးကို ထိခိုက်မှုအကြီးအကျယ် လုပ်နေပါတယ်။ ဒါပေမဲ့ တာတမံတစ်ခု တည်ဆောက်လိုက်ပြီဆိုရင်လည်း လယ်သမားတွေဟာ နှစ်ချင်းပေါက်ကို ဝင်ငွေ နှစ်ဆ၊ သုံးဆ တိုးပြီး ရလာပြီးတော့ တစ်ရွာလုံး ထမင်းစားကြရတာဖြစ်ပါတယ်။ ဒီလို အရေးပါပေမယ့်လည်း ပြီးခဲ့တဲ့ ငါးနှစ်အတွင်းမှာ ရသေ့တောင်၊ ပုဏ္ဏားကျွန်းမြို့နယ်အတွင်းမှာ တာတမံ(၅)ခု၊ (၆)ခုသာ ပြီးစီးခဲ့ပါတယ်။ ပေါက်တောမြို့နယ်မှာဆိုရင် တာတမံအဟောင်း (၁၁)ခု လုပ်ရာမှာ တစ်ခုပဲ ပြီးပါတယ်။ တခြားမြို့နယ်တွေမှာလည်း ဒီအတိုင်းပဲ။ ဒါကြောင့် နိုင်ငံတော်ရဲ့

တာတမံ ရင်းနှီးမြှုပ်နှံမှုကို ကြည့်ရင် ဖ.ဆ.ပ.လ ခေတ်နှင့် မ.ဆ.လ ခေတ်တို့ကို မမီသေးကြောင်း စာရင်းအင်းတွေအရ သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆားငန်ရေ ထိတွေ့နေတဲ့ ကျေးရွာတွေကို မေးလို့ရှိရင် တာတမံ လိုချင်သလား၊ လမ်း လိုချင်သလား၊ လျှပ်စစ်မီး လိုချင်သလား မေးလို့ရှိရင် တာတမံကိုပဲ လိုချင်တယ်ဆိုပြီးတော့ သူတို့ ဦးစားပေး ဖြေဆိုကြရတာကို တွေ့ရပါတယ်။ တာတမံ လုပ်ပေးဖို့ကို အစိုးရဘက်က မငြင်းပါဘူး။ တည်ဆောက်ပေးမယ့်အချိန်ကိုသာ ငြင်းတာဖြစ်ပါတယ်။ တာတမံတစ်ခုကို လုပ်ဖို့ရာ တင်ပြီးတောင်းရင် (၂)နှစ်ကနေ (၅)နှစ်အထိ ကြာပါတယ်။ ဒီလို နှောင့်နှေးရတာက ပြည်ထောင်စုဘတ်ဂျက်နည်းလို့ ဖြစ်ပါတယ်။ တစ်မြို့နယ်ဆီမှာ တာတမံအကြီး၊ အသေး၊ အလတ် အရွယ်စုံ ဆောက်ပေးဖို့ လိုအပ်ပါတယ်။ လိုအပ်ချက်တွေကို ဘယ်လောက်ရှိလဲ ရှာဖွေဖို့၊ ထိန်းသိမ်းဖို့၊ မွမ်းမံဖို့၊ ပစ္စည်းအသုံးအရှုံးနဲ့ သက်ရောက်မှု၊ ယန္တရားနည်းပညာတွေအတွက် သုတေသနလုပ်ငန်းတွေလည်း လိုအပ်မှာဖြစ်ပါတယ်။

အဲဒီဟာကြောင့် Master Plan ဆွဲပြီးတော့ ပြည်ထောင်စုဘတ်ဂျက်နဲ့ မလုံလောက်ဘူးဆိုရင်လည်း ADB၊ World Bank, JICA တို့ရဲ့ အကူအညီနဲ့ ရခိုင်ပြည်နယ် စိုက်ပျိုးရေးကို အရှိန်အဟုန် မြှင့်တင်ဖို့ လိုအပ်နေပါကြောင်းနဲ့ အဲဒီလိုမလုပ်နိုင်လျှင် ရခိုင်ပြည်နယ် စီးပွားရေး နှောင့်နှေးနေမှာဖြစ်ကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒီမေးခွန်းတွေကို မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၂။**

**ဒေါက်တာအောင်သူ (ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဦးစွာပထမအနေနဲ့ ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမြင့်နိုင် ရဲ့ မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဦးမြင့်နိုင် မှ ယခုလို ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် စိတ်ပါဝင်စားစွာနဲ့ ကျေးရွာများကို ကွင်းဆင်းစစ်ဆေးပြီးတော့ မေးမြန်းတဲ့အတွက် အထူးပင် ကျေးဇူးတင်ကြောင်း ဦးစွာ တင်ပြလိုပါတယ်။

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ကျောက်တော်-စပါးဆိပ်(ပီ)-င/ထရံ ကျေးရွာချင်း ဆက်လမ်းဟာ အရှည်(၂၁)မိုင်ရှိပြီး ကျေးရွာ(၂၇)ရွာ၊ အိမ်ခြေ(၂၇၇၅)အိမ်၊ လူဦးရေပေါင်း (၁၇၅၀၆)ဦး တို့ကို အကျိုးပြုပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ခုနှစ်၊

ဘဏ္ဍာရေး ရန်ပုံငွေဖြင့် မြေသားလမ်း(၂)မိုင် (၃)ဖာလုံ၊ ၂၀၁၅-၂၀၁၆ ခုနှစ်၊ ဘဏ္ဍာရေးရန်ပုံငွေဖြင့် မြေသားလမ်း(၄)မိုင်၊ (၅၀ x ၁၄ x ၂၅)ပေရှိတဲ့ သစ်သားတံတား(၁)စင်းနဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေး နှစ်မှာ ပြည်နယ်အစိုးရရန်ပုံငွေဖြင့် မြေသားလမ်း(၂)မိုင် ဆောင်ရွက်လျက်ရှိပြီး ကျန်ရှိတဲ့လမ်း(၁၂)မိုင်၊ (၅)ဖာလုံကို မြေသားလမ်းဖောက်လုပ်ပါက ငွေကျပ်သန်းပေါင်း(၃၁၉.၉၂)သန်း ကုန်ကျမှာဖြစ်ပါတယ်။ ကျောက်ချောလမ်း(၂၁)မိုင် ခင်းပါကလည်း ငွေကျပ်(၁၉၅၁.၅၃)သန်း ကုန်ကျမှာဖြစ်ပြီး (၈၂ x ၁၄ x ၂၅)ပေ ကွန်ကရစ်တံတားတစ်စင်းနဲ့ (၁၃၀ x ၁၄ x ၂၅)ပေ ကွန်ကရစ်တံတားတစ်စင်းကို တည်ဆောက်မည်ဆိုပါက ငွေကျပ်သန်းပေါင်း(၂၃၈)ကုန်ကျမှာဖြစ်ပြီး၊ စုစုပေါင်းငွေကျပ်(၂၅၀၉.၄၅) သန်းခန့် ကုန်ကျမှာဖြစ်ပါတယ်။

ကျောက်တော်မြို့နယ်အတွင်းမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ်(၂၀၈.၄၆)သန်းနဲ့ ကျောက်ချောလမ်း(၂)မိုင်နဲ့ ကွန်ကရစ်တံတား တစ်စင်းတို့ကို လျာထား ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ကျေးလက် လမ်း၊ တံတားလုပ်ငန်းများနဲ့ ပတ်သက်ပြီး ပြည်ထောင်စုအဆင့်နဲ့ လမ်းအမျိုးအစားနှင့် လမ်းစဉ်သတ်မှတ်ခြင်း၊ လမ်း၊ တံတားစံချိန် စံညွှန်းများ သတ်မှတ်ခြင်း၊ လမ်းနယ်သတ်မှတ်ခြင်းနဲ့ လမ်းပိုင်ဆိုင်မှုနယ်နိမိတ် သတ်မှတ်ခြင်းများကို ဒေသန္တရလမ်း၊ တံတားဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီတို့ တင်ပြ အတည်ပြုချက်ရယူပြီးဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစပြီး လမ်း၊ တံတားလုပ်ငန်းများကို ဘဏ္ဍာငွေလျာထားတဲ့နေရာမှာ ဗဟို ကော်မတီမှ အတည်ပြုထားတဲ့ စံချိန်စံညွှန်းများရဲ့ စံနှုန်းများအတိုင်း စတင်ဆောင်ရွက်လျက်ရှိပြီး ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များမှ တင်ဒါခေါ်ယူ ဆောင်ရွက်လျက်ရှိပါတယ်။ National Strategy For Rural Road and Access ပါ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်အရ လမ်း၊ တံတားလုပ်ငန်း များအတွက် ပြည်နယ်၊ တိုင်းဒေသကြီးမှာ ဦးစားပေး ရေးဆွဲတင်ပြလာတဲ့ လုပ်ငန်းများအပေါ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စိစစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး ဆက်လက် ဆောင်ရွက်သွားရတာဖြစ်ပါတယ်။

ရခိုင်ပြည်နယ်အတွင်းမှာ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီ အစီအစဉ်မှာလည်းပဲ ကျောက်တော်မြို့နယ် အပါအဝင် မြို့နယ်(၁၆)မြို့နယ်မှာ လမ်း(၃၇)မိုင်၊ (၁)ဖာလုံ၊ တံတားနဲ့ ရေပွန့်(၈၁)စင်းတို့ကို ဆောင်ရွက်နိုင်ရန် အတွက် ရန်ပုံငွေကျပ်(၃၆၅၆.၈၂)သန်းကို သီးသန့်ရန်ပုံငွေရရှိရေး လျာထားတင်ပြတဲ့နေရာမှာ ၁၃-၂-၂၀၁၇ ရက်နေ့မှာကျင်းပတဲ့ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ကနေ ရန်ပုံငွေ ခွင့်ပြုပြီးဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်မှ မေးမြန်းလာတဲ့ ကျောက်တော်-စပါးဆိပ်(ပီ)-င/ထရံ ကျေးရွာချင်းဆက်လမ်း (၂၁)မိုင်အနက် မြေသားလမ်း(၅)မိုင် ဖောက်လုပ်ခြင်းနှင့် အဆိုပါလမ်းပေါ်ရှိ ရေပွန့်(၁၀)စင်း တည်ဆောက်ခြင်းများအတွက် ငွေကျပ်(၁၂၄.၈၀)သန်းကို ရခိုင်ပြည်နယ် တည်ငြိမ် အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအစီအစဉ်မှာ သီးသန့် ရန်ပုံငွေမှ ရရှိပြီးဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ တင်ပြချက်မှာလည်း ပါရှိပါတယ်။ ကျန် လုပ်ငန်းများဆောင်ရွက်ခြင်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်

ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၇-၂၀၁၈ ခုဘဏ္ဍာရေးနှစ်မှာ ပါဝင်ခြင်း မရှိပါကြောင်း၊ ယခု ၂၀၁၇-၂၀၁၈ အတွက် ကျောက်တော်မြို့နယ်အတွက် ပါဝင်တာကတော့ ပိန္နဲချောင်း၊ ကြောင်စွယ်ဖြူ လမ်း ကွန်ကရစ်ခင်းခြင်း (၁)မိုင် x (၁၂) ပေ x (၇)လက်မ ကျပ်သန်းပေါင်း (၁၈၆.၇၈၅)နဲ့ ကျေးလက် ရေပေးရေး (၁၆)ရွာ၊ လက်တူးတွင်း(၅)တွင်း၊ ရေကန်(၇)ကန်၊ အခြား(၄)ရွာ၊ စုစုပေါင်း ကျပ်သန်း ပေါင်း(၂၂၃.၃)၊ နှစ်ခုပေါင်းကတော့ ကျပ်သန်းပေါင်း (၄၁၀.၀၈)ပါ ပါတယ်။

သို့ဖြစ်၍ လွှတ်တော်ကိုယ်စားလှယ်ကြီး ဖော်ပြတဲ့အပိုင်းများသည် ဒီနှစ်ဘတ်ဂျက်မှာ မပါရှိ ပါဘူး။ လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်းမရှိသော်လည်းပဲ နှစ်အလိုက် ပြည်နယ်၊ တိုင်းဒေသကြီး များမှာ ဦးစားပေး လျာထားမှုအပေါ်မှာ မူတည်ပြီး ဆက်လက် ဆောင်ရွက်ပေးသွားမှာဖြစ်တဲ့ အကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ် ရဲ့ မေးခွန်းကို ဖြေကြားမှာ ဖြစ်ပါတယ်။ ဒေါက်တာဇော်လင်းထွဋ် အနေနဲ့ ပြည်သူ့ဘဏ္ဍာငွေကျပ်သန်းပေါင်း (၁၂၇၀၀)ကျော် အကုန်အကျခံပြီး အကောင်အထည်ဖော် ဆောင်ရွက် ခဲ့တဲ့ ဝါးပါးဆည်၊ ကျုံထော်ရေထိန်းတံခါး၊ ရပ်ဆိုင်းနေတဲ့ ဒုံသမိလျှပ်စစ်မြစ်ရေတင်စီမံကိန်းများဟာ မူလလျာထားချက် မပြည့်မီသည့်အပေါ်မှာ ၎င်းစီမံကိန်း(၃)ခုကို ပြန်လည်စိစစ် သုံးသပ်ပြီး ဒေသခံ တောင်သူလယ်သမားများ မျှော်လင့်လျက်ရှိတဲ့ သီးထပ်နွေစပါး စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို အောက်ပါအတိုင်း ဖြေကြားအပ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းပါ စီမံကိန်း(၃)ခုစလုံးမှာ ထိုစဉ်ကာလက နိုင်ငံတော်၏ အခြေခံစီးပွားရေးဖြစ်တဲ့ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက် အအုံများကို အရှိန်မြှင့်တင် ဆောင်ရွက်ခဲ့ကြတဲ့အလျောက် ဆောင်ရွက်ရတဲ့လုပ်ငန်းစဉ်များအနေနဲ့ ဆောင်ရွက်နိုင်မှုများအရ စီမံကိန်း ချမှတ်ဆောင်ရွက်စဉ်ကတည်းကပင် အားနည်းချက်များရှိခဲ့တယ်လို့ သုံးသပ်တင်ပြအပ်ပါတယ်။ ယခုစီမံကိန်းတစ်ခုချင်းအလိုက် စိစစ်သုံးသပ်၍ လက်ရှိဆောင်ရွက်လျက် ရှိတဲ့ အစီအစဉ်အမှန်များကို ဆက်လက်တင်ပြဖြေကြားသွားမှာ ဖြစ်ပါတယ်။ မွန်ပြည်နယ်၊ သထုံမြို့ နယ်မှာရှိတဲ့ ဝါးပါးရေလှောင်တမံမှာ မူလစိစစ်ပြီး ဆည်ရေသောက်ဧရိယာ (၂၀၃၈)ဧကမှာ နွေစပါး နှင့်အခြားသီးနှံများ ရေသွင်းစိုက်ပျိုးနိုင်စေရန်နှင့် အဓိက သထုံမြို့ သောက်သုံးရေ ပေးဝေရန် ရည်ရွယ်ပြီး ၁၉၉၁ ခုနှစ်မှ စတင်တည်ဆောက်ကာ ၁၉၉၄ ခုနှစ်မှာ ပြီးစီးခဲ့ပြီး စုစုပေါင်း စီမံကိန်း ကုန်ကျငွေမှာ ကျပ်(၅၂.၁၃)သန်း ဖြစ်ပါတယ်။

ဝါးပါးရေလှောင်တမံ၏ သုံးစွဲနိုင်တဲ့ရေပမာဏဟာ (၃၄၈၄)ဧကပေခန့်သာ ရှိပါတယ်။ အဆိုပါ သုံးစွဲနိုင်တဲ့ရေပမာဏအနက်မှ သထုံမြို့လူထုနှင့် တပ်ရင်းတပ်ဖွဲ့များကို သောက်သုံးရေ ပေးဝေရေးအတွက် နှစ်စဉ်ပုံမှန် (၄၈၄)ဧကပေခန့် ပေးဝေရတဲ့အတွက် ဧကပေ(၃၀၀၀)ခန့်သာ စိုက်ပျိုးရေအတွက် အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ ယင်းရေပမာဏဟာ နွေစပါးဧက(၅၀၀)အတွက် ကိုသာ လုံလောက်စွာ ရေပေးဝေနိုင်တဲ့အခြေအနေ ဖြစ်ပါတယ်။ အဆိုပါ လယ်မြေဧက(၅၀၀) အပေါ်မှာ နွေစပါးသီးထပ်ရေပေးဝေစိုက်ပျိုးနိုင်ရန် စီမံဆောင်ရွက်ခဲ့သော်လည်းပဲ ဒေသခံတောင်သူ

များအနေနဲ့ နွေစပါး စိုက်ပျိုးရန် စိတ်ဝင်စားမှုနည်းပါးစေသည့် အကြောင်းတရားများကြောင့် လယ်သမားများအချင်းချင်း ပူးပေါင်းဆောင်ရွက်ပြီး လယ်ကြားမြောင်းများ တူးဖော်ဆောင်ရွက်ခြင်းအစား ကွက်ဆင့်သောက်စနစ်ဖြင့်သာ ရေယူစိုက်ပျိုးမှုကြောင့် ရေပေးရေယူ အခက်အခဲများ ဖြစ်ပေါ်နေခြင်း ရှိပါတယ်။ ဌာနအနေဖြင့် စိုက်ပျိုးရေအခက်အခဲမရှိ ပေးဝေနိုင်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ကွင်းဆင်းဖြေရှင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ ကျုံထော်ရေထိန်းတံခါးနှင့်ပတ်သက်ပြီး ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ မွန်ပြည်နယ်၊ ပေါင်မြို့နယ်အတွင်းမှာရှိတဲ့ ကျုံထော်ချောင်းပေါ်မှာ တည်ဆောက်ခဲ့တဲ့ (၆ x ၁၂)ပေ (၂၇)ပေါက် အရွယ်အစားရှိတဲ့ ကျုံထော်ရေတံခါးမှာ လယ်ယာမြေဧရိယာ (၂၂၀၀၀)ဧကကို မိုးရာသီမှာ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးရန်နှင့် နွေရာသီမှာ ပင်လယ်ဒီရေ ရေငန်ဝင်ရောက်မှုမှ ကာကွယ်ရန်အတွက် ရည်ရွယ်ပြီး ၂၀၀၂ ခုနှစ်ကတည်းက စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၄ ခုနှစ်မှာ ပြီးစီးခဲ့တဲ့ ရေထိန်းတံခါး ဖြစ်ပါတယ်။ ရေထိန်းတံခါးနှင့်အတူ ဆက်စပ်ပြီး ပင်မရေနုတ်မြောင်း(၂)ခုဖြစ်တဲ့ သရက်တောမြောင်းနဲ့ ပန်းတိမ်ကန်မြောင်းများကို တူးဖော်ဆောင်ရွက်ပေးခဲ့ပြီး ရေထိန်းတံခါးနဲ့ ဆက်စပ်လုပ်ငန်းများ၏ စုစုပေါင်းစီမံကိန်းကုန်ကျစရိတ်မှာ ကျပ်သန်းပေါင်း(၆၉၉.၀၁၇)ဖြစ်ပါတယ်။ ကျုံထော်ရေထိန်းတံခါး တည်ဆောက်ပြီးစီးသည့် ၂၀၀၄ ခုနှစ်မှ စတင်ပြီး လယ်မြေ(၂၂၀၀၀)ဧက ရေကြီးနစ်မြုပ်မှုနှင့် ရေငန်ဝင်ရောက်မှုမှ ကာကွယ်ပေးခြင်းနဲ့ အကျိုးပြုနိုင်ခဲ့ပါတယ်။ ကျုံထော်ရေထိန်းတံခါးရဲ့အနေအထားမှာ ရေထိန်းတံခါးနှင့် ပင်လယ်ကမ်းခြေအကွာအဝေးဟာ (၁)မိုင် (၂)ဖာလုံခန့်သာ ရှိပါတယ်။ ၂၀၀၈ ခုနှစ်မှ စပြီး ပင်လယ်ရေစီးကြောင်း ပြောင်းလဲတိုက်စားမှု ဖြစ်ပေါ်ခဲ့တဲ့အတွက် ၂၀၀၉ ခုနှစ်မှာ ကမ်းစားနှုန်း တဖြည်းဖြည်းများလာခဲ့ပြီး ၉-၅-၂၀၀၉ ရက်နေ့မှာ ရေထိန်းတံခါးဟာ ပင်လယ်ရေတိုက်စားမှုကြောင့် ကမ်းပြိုမှုနှင့်အတူ ပျက်စီးဆုံးရှုံးခဲ့ပြီး ဖြစ်ပါတယ်။

ဆက်လက်ပြီး တင်ပြမှာကတော့ ဒုံသမိလျှပ်စစ်မြစ်ရေတင်စီမံကိန်းနဲ့ ပတ်သက်ပြီးရှင်းလင်းတင်ပြဖြေကြားမှာ ဖြစ်ပါတယ်။ အဆိုပါ လျှပ်စစ်မြစ်ရေတင် စီမံကိန်းကို ၂၀၀၅ ခုနှစ်မှာ စတင်ခဲ့ပြီး ထိုစဉ်က ဒေသဖွံ့ဖြိုးရေးဆိုင်ရာ တည်ဆောက်မှုလုပ်ငန်းများကို တွန်းအားပေး ဆောင်ရွက်ခဲ့တဲ့ နေရာမှာ ဖြစ်မြောက်နိုင်စွမ်းလေ့လာမှု၊ လူမှုစီးပွားဆန်းစစ်ချက်နှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများဆိုင်ရာ ဆန်းစစ်ချက်များနှင့် စပ်လျဉ်းပြီး အားနည်းချက်များ ရှိခဲ့တာကို သုံးသပ်ရရှိပါတယ်။ မူလစီမံကိန်းရည်မှန်းချက်အနေနဲ့ လယ်ယာမြေဧက(၃၃၀၀၀)ကို နွေစပါးသီးထပ် စိုက်ပျိုးနိုင်ရေးအတွက် ရည်ရွယ်အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ပေမယ့်လည်းပဲ ဒုံသမိလျှပ်စစ်မြစ်ရေတင် စီမံကိန်းအတွက် အသုံးပြုမယ့် လျှပ်စစ်ဓာတ်အားလိုအပ်ချက် (၂၀) MVA ရှိတဲ့နေရာမှာ အဆိုပါ လျှပ်စစ်ဓာတ်အား ရရှိနိုင်ရေးအတွက် နိုင်ငံခြားသုံးငွေလိုအပ်ချက် ထပ်မံဖြစ်ပေါ်လာတာကို တွေ့ရပါတယ်။ အကောင်အထည်ဖော်ဆောင်ရွက်ဆဲမှာပင် ပြန်လည်ဆန်းစစ်ချက်အရ လျှပ်စစ်ဓာတ် လိုအပ်ချက်များ များပြားမည်ဖြစ်ခြင်း၊ မိုးစပါးရိတ်သိမ်းချိန် နောက်ကျပြီး ရာသီချိန်အမီ နွေစပါးစိုက်ပျိုးနိုင်မည့်အခြေအနေ နည်းပါးခြင်းနှင့် လယ်ယာလုပ်သားရှားပါးခြင်း စတဲ့ အားနည်းချက်များကို စိစစ်တွေ့ရှိခဲ့တဲ့အလျောက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ခြင်းမှာ နိုင်ငံတော်အတွက်

အကျိုးနစ်နာဖွယ်ရှိမည်ဖြစ်သည့်အတွက် ၂၀၁၀ ခုနှစ်မှာ စီမံကိန်းအကောင်အထည်ဖော်ခြင်းကို ရပ်နားထားခဲ့ပါတယ်။

ယင်းစီမံကိန်းနဲ့ပတ်သက်ပြီး ဒေသခံတောင်သူများနဲ့ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့တဲ့ နေရာမှာ တောင်သူများအနေဖြင့် အဆိုပါဧရိယာမှာ နွေစပါး သီးထပ်စိုက်ပျိုးရန် ဆန္ဒမရှိတဲ့အတွက် စီမံကိန်း ရပ်ဆိုင်းရန်ကိုသာ ထောက်ခံဆန္ဒပြုခဲ့ကြပါတယ်။ စီမံကိန်းစတင်သည့်မှ စီမံကိန်း ရပ်နား သည့်အချိန်အထိ ရန်ပုံငွေကျပ်သန်းပေါင်း (၁၀၅၇.၅၉၅)သန်းကို သုံးစွဲခဲ့ပါတယ်။ အသုံးစရိတ် အားလုံးရဲ့ (၈၀)ရာခိုင်နှုန်းမှာ ရေပေးမြောင်းနှင့် ရေပေးမြောင်းဆိုင်ရာ အဆောက်အအုံများအတွက် ကုန်ကျခဲ့ခြင်းဖြစ်ပါတယ်။

ကျန်ရှိတဲ့ ကုန်ကျစရိတ်များကို အကြမ်းအားဖြင့် တင်ပြရလျှင် ရေငြိမ်ကန်များ၊ ရုံး အဆောက်အအုံများ၊ စီမံကိန်း ဝင်/ထွက်လမ်းနှင့် သိုလှောင်ရုံရှိတဲ့ ပစ္စည်းလက်ကျန်များ ဖြစ်ပါတယ်။ အဆိုပါ အဆောက်အအုံနှင့် စီမံကိန်း ဝင်/ထွက်လမ်းများကို ဒေသခံများနှင့် ဆက်လက်တွေ့ဆုံ ညှိနှိုင်း ဆွေးနွေးရန် လိုအပ်ပြီး ကျေးရွာ၏လိုအပ်ချက်၊ အသုံးချနိုင်မှုများကို စိစစ်သုံးသပ်ပြီး လုပ်ထုံးလုပ်နည်း များနှင့်အညီ ညှိနှိုင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

တတိယအနေနဲ့ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၉)မဲဆန္ဒနယ်က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖေချစ် ရဲ့ မေးခွန်းကို ဖြေကြားမှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကြီး ဦးဖေချစ် အနေနဲ့ ယခုလို ကျေးလက်ဒေသဖွံ့ဖြိုးရေးမှာ စိတ်ပါဝင်စားစွာနဲ့ ကွင်းဆင်းမေးမြန်း ပေးတဲ့အတွက် အထူးပင်ကျေးဇူးတင်ရှိကြောင်း ဦးစွာတင်ပြလိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နဲ့အတူ ပေါင်းစပ် ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်အတွင်းမှာရှိတဲ့ သဲအင်းဂူ - နှောကုန်း - သိုက်ကုန်း ကျေးရွာချင်းဆက်လမ်းဟာ အရှည်(၂)မိုင် (၃.၉၇)ဖာလုံရှိပြီး လက်ရှိမှာ သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းမှ နှောကုန်းကျေးရွာအထိ ကွန်ကရစ်ဘီးလမ်း(၄.၇၆)ဖာလုံ၊ နှောကုန်းကျေးရွာမှ သိုက်ကုန်းကျေးရွာ အထိ ဂဝံမြေနီလမ်း(၁)မိုင် (၇.၂၁)ဖာလုံဖြစ်ပါတယ်။ အဆိုပါ ဂဝံမြေနီလမ်း(၁)မိုင် (၇.၂၁)ဖာလုံကို ကွန်ကရစ်လမ်းခင်းပါက ငွေကျပ်သန်းပေါင်း (၃၇၁.၂၉၅)သန်းခန့် ကုန်ကျမှာဖြစ်ပြီး၊ ကျေးရွာ(၉)ရွာ၊ အိမ်ခြေ(၇၇၇)အိမ်နှင့် လူဦးရေ(၃၈၅၂)ဦးတို့ကို အကျိုးပြုမှာဖြစ်ပါတယ်။ နှောကုန်း - သိုက်ကုန်း သစ်သားတံတား(၁)စင်းမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့တဲ့တံတားဖြစ်ပြီး လက်ရှိမှာ အသုံးပြုလျက်ရှိပါတယ်။ မှော်ဘီမြို့နယ် အတွင်းမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြု ရန်ပုံငွေ ကျပ်သန်းပေါင်း(၁၂၄.၆၁၇)ဖြင့် ကွန်ကရစ်လမ်း(၆.၀၆)မိုင်၊ ဂဝံလမ်း(၄)ဖာလုံနှင့် သစ်သား တံတား(၁)စင်းတို့အား လျာထားဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်မှ မေးမြန်းလာတဲ့ မှော်ဘီမြို့နယ် အတွင်းမှာရှိတဲ့ သဲအင်းဂူ-နှောကုန်း-သိုက်ကုန်းလမ်း အရှည်(၂)မိုင်(၃.၇၉)ဖာလုံ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့်

သိုက်ကုန်းကျေးရွာ တံတားပြင်ဆင် ထိန်းသိမ်းခြင်းလုပ်ငန်းမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ လျာထားပါဝင်ခြင်း မရှိပါကြောင်းနှင့် မှော်ဘီမြို့နယ်အတွက် ပါရှိတာကတော့ ပြည်လမ်း-သဲကုန်း-နှောကုန်း-သိုက်ကုန်းလမ်း ကွန်ကရစ်လမ်းရဲ့ အချို့အစိတ်အပိုင်း ဖြစ်ကြတဲ့ (၅)ဖာလုံ x (၁၂ ပေ x ၇ လက်မ) ကျပ်သန်းပေါင်း (၁၆၃.၁၂၅)နှင့် ကျေးလက်ရေပေးရေး(၃)ရွာအတွက် တွင်းနက်(၃) တွင်း၊ ကျပ်သန်း(၄၈)သန်း ပါဝင်ကြောင်းနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ တင်ပြတဲ့ အစိတ်အပိုင်းဟာ လက်ရှိ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ လျာထားပါဝင်ခြင်း မရှိတဲ့အတွက် လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါသော်လည်းပဲ နှစ်အလိုက် ပြည်နယ်နှင့် တိုင်းဒေသကြီးများရဲ့ ဦးစားပေးလျာထားမှုအပေါ်မှာ မူတည်ပြီး ဆောင်ရွက်ပေးသွားမှာ ဖြစ်တဲ့အကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးကင်းရှိန် ရဲ့ မေးခွန်းကို ဖြေကြားမှာ ဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကင်းရှိန် ရဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဂျပန်ချေးငွေဖြင့် တောင်သူလယ်သမားများအား နှစ်တို၊ နှစ်ရှည်ချေးငွေများ ချေးပေးရန် စီမံကိန်းများ ရေးဆွဲနေခြင်းနှင့် ၎င်းဝန်ကြီးဌာန၏ သမဝါယမဦးစီးဌာနမှလည်း တောင်သူများအား ငွေထုတ်ချေးပေးနေခြင်းတို့နဲ့ စပ်လျဉ်းပြီး သိရှိလိုတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ဖြေကြားမှာ ဖြစ်ပါတယ်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် တောင်သူလယ်သမားများရဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အရင်းအနှီးရရှိစေရန်အတွက် သင့်တင့်တဲ့ချေးငွေဖြင့် အကူအညီများပေး၍ အထောက်အကူပြုရန် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ယင်းသို့ ဆောင်ရွက်တဲ့နေရာမှာ သမဝါယမကဏ္ဍအနေနဲ့ သမဝါယမအသေးစား အရင်းအနှီးချေးငွေလုပ်ငန်း၊ လုပ်ငန်းသုံးလယ်ယာသုံးပစ္စည်းများအတွက် အရစ်ကျချေးငွေလုပ်ငန်း (Hire Purchase)၊ သမဝါယမအသင်းများအဆင့်မြှင့်တင်ပေးခြင်းလုပ်ငန်း စတဲ့နည်းလမ်းများဖြင့်လည်းကောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေနဲ့ စိုက်ပျိုးစရိတ်ချေးငွေထုတ်ပေးခြင်း နည်းလမ်းများဖြင့်လည်းကောင်း ပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သမဝါယမကဏ္ဍအနေနဲ့ ချေးငွေများ ထုတ်ချေးပေးနိုင်ရေးအတွက် သမဝါယမအသင်းပိုင် ငွေကြေးများအပါအဝင် တရုတ်နိုင်ငံ EXIM Bank ထံမှ ချေးငွေ အမေရိကန်ဒေါ်လာ သန်း(၄၀၀)ကိုလည်းကောင်း၊ လယ်ယာသုံးစက်ကိရိယာ အရစ်ကျ ရောင်းချပေးနိုင်ရေးအတွက် ကိုရီးယားနိုင်ငံ Daedong Industrial Co.,Ltd ထံမှ အမေရိကန်ဒေါ်လာ သန်း(၁၀၀)တန်ဖိုးရှိတဲ့ လယ်ယာသုံးစက်ပစ္စည်းများကိုလည်းကောင်း ရယူဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထိုသို့ သမဝါယမနည်းလမ်းများဖြင့် ထုတ်ချေးတဲ့နေရာမှာ ချေးငွေရယူလိုသူများအနေနဲ့ သမဝါယမနည်းစနစ်များနဲ့အညီ သမဝါယမအသင်းသားအဖြစ် ဝိုင်းကြီးချုပ်(၅)ဦး (၁)ဖွဲ့တွင် ပါဝင်ဖွဲ့စည်းစေပြီးမှ သမဝါယမအသင်းအဖြစ် ဆက်လက်ဖွဲ့စည်းကာ ချေးငွေများကို ထုတ်ချေးပေးလျက်ရှိပါတယ်။ ချေးငွေကာလကို (၆)လ (၁)ကြိမ် သတ်မှတ်ထားသည့်အပြင် အသင်းသားတစ်ဦးလျှင် ငွေကျပ်(၁)သိန်းထုတ်ချေးရာမှ ၎င်းတို့၏

လုပ်ငန်းဆောင်ရွက်မှု၊ လယ်ယာပိုင်ဆိုင်မှုနှင့် အသင်းသားများ၏လိုအပ်မှု၊ ကြိုးစားမှုနှင့် ဖြစ်နိုင်ခြေရှိမှုတို့အပေါ်မှာ မူတည်ပြီး ယုံကြည်စိတ်ချရသောအသင်းသားများသို့ ငွေကျပ်(၅)သိန်းအထိ တိုးမြှင့်ထုတ်ချေးပေးလျက်ရှိပါတယ်။

ဒါ့အပြင် အသင်းသားများလိုအပ်တဲ့ လယ်ယာသုံး၊ လုပ်ငန်းသုံး စက်ပစ္စည်းများအား အရစ်ကျငွေချေ (Hire Purchase) စနစ်ဖြင့် ဝယ်ယူနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဤသို့ ချေးငွေထုတ်ချေးပေးတဲ့နေရာမှာ အသင်းသားတောင်သူများ ချေးယူရသည့်အခါတိုင်း ချေးငွေ၏ (၁၀)ရာခိုင်နှုန်းကို စုဆောင်းရသည့်အတွက် နောင်(၄) (၅)နှစ် ကြာတဲ့အခါမှာ အဆိုပါ အသင်းသားများသည် ငွေချေးစရာမလိုတော့ဘဲ မိမိဘာသာ ရပ်တည်လာစေနိုင်ရန်အတွက် ရည်ရွယ်ဆောင်ရွက်ပေးခဲ့ခြင်းပဲ ဖြစ်ပါတယ်။ ထုတ်ချေးငွေများအတွက် သတ်မှတ်ကာလ (၆)လ (၁)ကြိမ် ပြည့်သည့်နှစ်စဉ် ဇန်နဝါရီလနှင့် ဇူလိုင်လများမှာ အသင်းသားများထံမှ (၁၀၀)ရာခိုင်နှုန်းအပြည့် အပြေအကျေပြန်လည်ကောက်ခံရရှိခဲ့ပြီးလည်း ဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလမှာ တိုင်းဒေသကြီး၊ ပြည်နယ် သမဝါယမအသင်းစုချုပ်များသို့ အသေးစားအရင်းအနှီးချေးငွေ ကျပ်ပေါင်း(၅၀၄.၄၃၈)ဘီလီယံ၊ လယ်ယာမြေ အဆင့်မြှင့်တင် ပြုပြင်ခြင်းအတွက် ချေးငွေကျပ်(၁၁.၅၁၅)ဘီလီယံ၊ စုစုပေါင်းငွေကျပ် (၅၁၅.၉၅၄)ဘီလီယံကို မြို့နယ်(၂၉၀)မှာရှိတဲ့ အသင်းပေါင်း (၃၁၃၆၄)အသင်းမှာရှိတဲ့ အသင်းသားဦးရေ (၂၆၄၁၃၅၀)ဦးသို့လည်းကောင်း၊ မြို့နယ်(၁၇၈)မြို့နယ်၊ အသင်း(၇၉၇)သင်းမှာရှိတဲ့ အသင်းသား (၂၁၃၉)ဦးထံသို့ လယ်ယာသုံးစက်ကိရိယာမျိုးစုံ (၂၁၆၉)စီး၊ တန်ဖိုးကျပ်(၁၁.၄၁၉)ဘီလီယမ်ကိုလည်းကောင်း အသင်းသားများ လက်ဝယ်အရောက် အချိန်နှင့်တစ်ပြေးညီ ဆက်လက် ထုတ်ချေးပေးခဲ့ပြီး ဖြစ်ပါတယ်။

သို့ပါ၍ သမဝါယမကဏ္ဍအနေဖြင့် တောင်သူလယ်သမားများကို ချေးငွေများ ထုတ်ချေးပေးနေတဲ့ နေရာမှာ သမဝါယမအသင်းသို့ အသင်းသားအဖြစ် ပါဝင်ပြီးမှသာလျှင် ချေးငွေများထုတ်ချေးခံစားခွင့်ပြုလျက် ရှိပါကြောင်းနှင့် ချေးငွေများ မဆုံးရှုံးစေရေးနှင့် ပြဿနာများ မဖြစ်ပေါ်စေရေးအတွက် သမဝါယမဦးစီးဌာနအနေနဲ့ အသင်းအဆင့်ဆင့်တို့မှ စဉ်ဆက်မပြတ် ကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။

ဆက်လက်ပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေနဲ့ တောင်သူများအား ထုတ်ချေးရန်အတွက် လိုအပ်တဲ့ ရန်ပုံငွေကို မြန်မာ့စီးပွားရေးဘဏ်မှ ချေးယူရပါတယ်။ လက်ရှိ အခြေအနေမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဟာ ကိုယ်စားလှယ်တော်ကြီးများ သိရှိပြီးသားဖြစ်သည့်အတိုင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ကို ရောက်ရှိသွားပြီဖြစ်ပါတယ်။ မြန်မာ့စီးပွားရေးဘဏ်မှ ချေးယူငွေမှုနေပြီး နှစ်ချင်းပြန်ပေးဆပ်ရ၍ စိုက်ပျိုးစရိတ်ချေးငွေအတွက်သာ ထုတ်ချေးပေးနိုင်ပြီး နှစ်တိုနှစ်ရှည် လယ်ယာသုံးစက်ကိရိယာများအတွက် ချေးငွေထုတ်ချေးပေးနိုင်ခဲ့ခြင်း မရှိပါ။ အဆိုပါ လယ်ယာသုံးစက်ကိရိယာများ ထုတ်ချေးနိုင်ရန်အတွက် ဂျပန်နိုင်ငံ JICA အဖွဲ့အစည်းမှ နှစ်ဆင့်သွားချေးငွေ (Two Step Loan) ဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှ စတင်၍ လယ်ယာသုံးစက်ကိရိယာ ထုတ်ချေးရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းမှာပါတဲ့ ညှိနှိုင်းတိုင်ပင်မှု ရှိ/မရှိ ဆိုတာကတော့ လက်ရှိအနေအထားမှာ နှစ်ဆင့်သွားချေးငွေ (Two Step Loan) ကို ချေးငှားနိုင်ရန်အတွက် မိမိဝန်ကြီးဌာနမှ ပြုစုသည့် အချက်အလက်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကို ညှိနှိုင်းဆောင်ရွက်သွားမှာ လည်းဖြစ်ပါတယ်။ နှစ်ဆင့်သွားချေးငွေကို ဂျပန်နိုင်ငံအစိုးရကိုယ်စားလှယ် JICA အဖွဲ့အစည်းမှ မြန်မာနိုင်ငံအစိုးရကိုယ်စားလှယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့လည်းကောင်း၊ တစ်ဖန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ယင်းဝန်ကြီးဌာနအောက်မှာရှိတဲ့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် သို့လည်းကောင်း ထုတ်ဆင့်ပေးသွားမယ့်ချေးငွေပဲ ဖြစ်ပါတယ်။ တောင်သူများကို ချေးငွေထုတ်ချေးတဲ့ နေရာမှာ ရာခိုင်နှုန်းတစ်ရပ် သတ်မှတ်ပြီး ငွေစုဆောင်းစေပြီး ပူးတွဲအာမခံသူ(၂)ဦးနဲ့ ငွေချေးယူသူ၏ မရွှေ့မပြောင်းနိုင်သောပစ္စည်းများ အာမခံရယူ၍ ထုတ်ချေးသွားမည်ဟု သိရှိရပါတယ်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း၊ နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီးနဲ့ စစ်ကိုင်းတိုင်းဒေသကြီးတို့မှာ လည်းကောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့ တွင်လည်းကောင်း ထုတ်ချေးရန်လျာထားပြီး ဆက်လက်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ Two Step Loan အတွက် အတိုးနှုန်းများမှာ ဂျပန်နိုင်ငံမှ မြန်မာ နိုင်ငံအစိုးရကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ အတိုးနှုန်း တစ်နှစ်လျှင်(၀.၀၁)ရာခိုင်နှုန်းနှင့် ထုတ်ချေးပေးမှာဖြစ်ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ (၃)ရာခိုင်နှုန်း အတိုးဖြင့် ပြန်လည်ထုတ်ချေးပေးရန် ဖြစ်ပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူများကို (၈.၅)ရာခိုင်နှုန်းဖြင့် ချေးသွားမည်ဟု သိရပါတယ်။

သမဝါယမဦးစီးဌာနမှ ထုတ်ချေးတဲ့ ချေးငွေလုပ်ငန်းသည် လက်ရှိဆောင်ရွက်လျက်ရှိတဲ့ လုပ်ငန်းစဉ် တစ်ရပ်ဖြစ်ပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဆောင်ရွက်မယ့် နှစ်ဆင့်သွားချေး ငွေသည် လာမယ့်ဘဏ္ဍာရေးနှစ်မှာမှ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ငွေကြေးအရင်းအမြစ် (Source of Fund) မတူညီတာတွေ့ရပါတယ်။ အတိုးနှုန်းလည်း တူညီမှုမရှိပါဘူး။ အာမခံယူပုံစနစ်လည်း မတူညီ ပါဘူး။ ငွေချေးစနစ်များ မတူညီခြင်းနဲ့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဆောင်ရွက်မည့် (Two Step Loan) ဟာ တောင်သူလယ်သမားများကိုသာ ထုတ်ချေးရန် ဖြစ်ခြင်းတို့ကြောင့် သမဝါယမဦးစီးဌာနမှ ထုတ်ချေးနေတဲ့ ချေးငွေလုပ်ငန်းနှင့် သီးခြားစီဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုး ရေးဘဏ်မှ တောင်သူများသို့ (Two Step Loan) ထုတ်ချေးမည်ဆိုလျှင် အခြားအဖွဲ့အစည်းများမှ ချေးငွေများရယူထားခြင်း ရှိ/မရှိကို စိစစ်ပြီး ထိရောက်သောချေးငွေစနစ်တစ်ခု ဖြစ်စေရေးအတွက် စီမံဆောင်ရွက်နေကြောင်း သိရှိရပါတယ်။ မိမိဝန်ကြီးဌာနအနေနဲ့တော့ စောစောက ကိုယ်စားလှယ် တော်ကြီးရဲ့ မေးခွန်းမှာပါဝင်တဲ့ ညှိနှိုင်းတိုင်ပင် ဆောင်ရွက်မှုကို ပြုလုပ်ရန်အတွက် မိမိဝန်ကြီးဌာန သာမကဘဲနဲ့ UMFCCI အဖွဲ့များနဲ့ပါ ပူးပေါင်းပြီးတော့ ဒီထုတ်ချေးမယ့်အစီအစဉ်ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနဲ့ တင်ပြ ဆောင်ရွက်သွားမှာဖြစ်တဲ့အကြောင်း လေးစားစွာဖြင့် တင်ပြအပ် ပါတယ်။

ဆက်လက်ပြီးတော့ ရခိုင်ပြည်နယ် အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ် ရဲ့ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ ရခိုင်ပြည်နယ်၊ ဆားငန်ဒီရေတားတမံများကို စီမံကိန်းများဖြင့် Master Plan ရေးဆွဲပြီး အရှိန်အဟုန်မြှင့် တည်ဆောက်ရန် အစီအစဉ် ရှိ/မရှိနဲ့ ထိုသို့တည်ဆောက်ရန် ပြည်ထောင်စုရန်ပုံငွေဖြင့် မလုံလောက်ပါက World Band, ADB, နိုင်ငံတကာအဖွဲ့အစည်းများ၏ ချေးငွေထောက်ပံ့ငွေများရယူပြီး တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိကို သိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို အောက်ပါအတိုင်း ဖြေကြားအပ်ပါတယ်။

ရခိုင်ပြည်နယ်ဟာ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် ထိစပ်တည်ရှိလျက်ရှိပြီး ဒေသအတွင်းမှာရှိတဲ့ ချောင်းအများစုမှာလည်း ပင်လယ်ဒီရေအတက်အကျရှိ၍ ရေငန်ဝင်ရောက်မှုရှိတဲ့ ဒေသဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေနဲ့ လယ်ယာမြေများ ဆားငန်ရေ ဝင်ရောက်နစ်မြုပ်မှုမှ ကာကွယ်ရန်အတွက် ရေငန်တားတာများ ပတ်၍တည်ဆောက်ခြင်း၊ ရေချိုထိန်းသိမ်းသိုလှောင်ထားနိုင်ရန်နှင့် ရေငန် ဝင်ရောက်မှုမှ ကာကွယ်ရန်အတွက် ချောင်းများပေါ်မှာ ရေငန်တားတာများနှင့် တွဲဖက်ပြီး ရေထိန်းတံခါးများ ထည့်သွင်းတည်ဆောက်ခြင်း စတဲ့လုပ်ငန်းများကို ဒေသလိုအပ်ချက်အပေါ်မှာ မူတည်ပြီး လိုအပ်တဲ့စူးစမ်းလေ့လာခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ရန်ပုံငွေရရှိမှုအပေါ်မှာ အခြေခံပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ရခိုင်ပြည်နယ်အတွင်းမှာ ဌာနမှ တည်ဆောက်ထိန်းသိမ်းထားတဲ့ ရေငန်တားတာ(၃၂)ခုနဲ့ ရေငန်းတားတာများနဲ့ ဆက်စပ်လျက် ထည့်သွင်းတည်ဆောက်ထားသော ရေတံခါး(၆၁)ခု၊ ဌာနမှ တည်ဆောက်ပြုပြင်ပြီး ဒေသခံလယ်သမားများမှ ထိန်းသိမ်းထားသော လယ်သမားတာ (ကာရီ)(၁၀၁)ခု ရှိပါတယ်။

အဆိုပါ ရေငန်းတားတာများနှင့် (ကာရီ)များကို ပြည်ထောင်စုရန်ပုံငွေ၊ ပြည်နယ်ရန်ပုံငွေရရှိမှု အပေါ်မှာမူတည်ပြီး ဦးစားပေးလုပ်ငန်းများ လျာထားသတ်မှတ်ကာ တည်ဆောက်ပြုပြင်ထိန်းသိမ်းလျက်ရှိပါတယ်။ ဌာနမှ ထိန်းသိမ်းထားတဲ့ ရေငန်တားတမံ(၃၂)ခုမှ ရေဘေးကာကွယ်ဧရိယာ (၇၉၅၈၄)ဧကရှိပြီး ဒေသမှ ထိန်းသိမ်းထားတဲ့ လယ်သမားတာ (ကာရီ) (၁၀၁)ခုမှ ရေဘေးကာကွယ်ဧရိယာ(၈၅၆၀၈)ဧကရှိကာ အဆိုပါရေဘေးကာကွယ် ဧရိယာများအတွင်း၌ နှစ်စဉ် မိုးစပါးများ အောင်မြင်ဖြစ်ထွန်းစွာ စိုက်ပျိုးလျက်ရှိပါတယ်။ ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ ပုဏ္ဏားကျွန်းနဲ့ ရသေ့တောင်မြို့နယ်များမှာ ဌာနမှ တည်ဆောက်ထိန်းသိမ်းထားတဲ့ ရေငန်တားတာ(၃)ခုရှိပြီး ဒေသခံလယ်သမားများမှ ထိန်းသိမ်းထားတဲ့ လယ်သမားတာ (ကာရီ) (၃)ခုရှိကာ ပြီးခဲ့သည့်နှစ်များဖြစ်တဲ့ ၂၀၁၁-၂၀၁၂ ခု ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာနှစ်အထိ အဆိုပါ ရေငန်တားတာနှင့် လယ်သမားတာများအား တည်ဆောက်ပြုပြင် ထိန်းသိမ်းပေးခဲ့ပါတယ်။ ပြီးခဲ့တဲ့ (၅)နှစ်တာကာလအတွင်း ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ဌာနမှ တည်ဆောက် ထိန်းသိမ်းထားတဲ့ ရေငန်တားတာများအနက်(၃၂)ခုကို ပြန်လည်ပြုပြင်ခြင်းနဲ့ ဒေသခံများမှ ထိန်းသိမ်းထားတဲ့ လယ်သမားတာ(၁၀၁)ခုကို လိုအပ်သလို တည်ဆောက်ပြုပြင်ပေးခဲ့ပြီး ဖြစ်ပါတယ်။

၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာနှစ်မှာတော့ ဌာနမှ တည်ဆောက်ထိန်းသိမ်းထားတဲ့ ရေငန်တားတာ(၁၈)ခုနဲ့ ဒေသခံလယ်သမားများ ထိန်းသိမ်းထားသည့် လယ်သမားတာ(၃၈)ခုကို တည်ဆောက်

ပြုပြင်ပေးခဲ့ပြီး ယခု ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာနှစ်မှာလည်းပဲ ဌာနမှ တည်ဆောက်ထိန်းသိမ်းထားတဲ့ ရေလှောင်ကန်(၂)ကန်၊ ရေနုတ်တားတာ(၈)ခုနှင့် ဒေသခံလယ်သမားများ ထိန်းသိမ်းထားတဲ့ လယ်သမားတာ (၇)ခုကို ပြန်လည်ပြုပြင်တည်ဆောက်ပေးရန် ရန်ပုံငွေရရှိပြီး ဖြစ်တဲ့အတွက် လုပ်ငန်း(၃)ခုအား ဆောင်ရွက်လျက်ရှိပြီး ကျန်လုပ်ငန်းများကိုတော့ ရာသီဥတုအခြေအနေအရ မိုးရာသီအကုန် ပွင့်လင်းရာသီမှာ ဆောင်ရွက်ရန် စီမံထားရှိပြီး ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်အတွင်းမှာ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေငန်ဝင်ရောက်မှုမှ ကာကွယ်ရန်နှင့် ရေချိုသိုလှောင်ထိန်းသိမ်းထားနိုင်ရန် ရေငန်တားတာများနှင့် ရေထိန်းတံခါးများ ဆက်စပ်တည်ဆောက်ပေးခြင်းလုပ်ငန်းမှာ အထူးဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်သည့်အလျောက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေနဲ့လည်း နှစ်စဉ် ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မှာ မူတည်၍ ဦးစားပေး လျာထားသတ်မှတ်ကာ စီမံဆောင်ရွက်ပေးလျက်ရှိတဲ့ လုပ်ငန်းများလည်း ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ မြို့နယ်တစ်ခုချင်းအလိုက် ဆောင်ရွက်ရန် လိုအပ်လျက်ရှိတဲ့ လုပ်ငန်းများအပေါ် ဆောင်ရွက်ရန် ဖြစ်မြောက်နိုင်စွမ်း ရှိ/မရှိ အသေးစိတ် စူးစမ်းလေ့လာပြီးတဲ့ နောက်မှာ ကုန်ကျစရိတ်နှင့် အကျိုးအမြတ် တွက်ခြေကိုက်မှုရှိပါက ဦးစားပေးလုပ်ငန်းများအလိုက် လျာထားသတ်မှတ်ပြီး လုပ်ငန်းစီမံချက် ရေးဆွဲရန် စီမံဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်တဲ့အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများရဲ့ ပမာဏဟာ ကြီးမားကျယ်ပြန့်ပြီး ရန်ပုံငွေလိုအပ်ချက်လည်း လွန်စွာများပြားတဲ့အတွက် နိုင်ငံတော်၏ ဘဏ္ဍာငွေ ကန့်သတ်ချက်ဖြင့် ခွင့်ပြုနိုင်မှုအပေါ်မှာ မူတည်၍သော်လည်းကောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများ၏ ချေးငွေထောက်ပံ့ကူညီမှုများ ရရှိရန် အခြေအနေ ပေးလာမှုအပေါ်မှာ အခြေခံပြီး ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူတို့ရဲ့ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဦးစားပေးထည့်သွင်း ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နဲ့အတူ ပေါင်းစပ်ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက စာချုပ်စာတမ်းများ မှတ်ပုံတင် ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းခြင်း

**အချိန်၊ ၁၀း၅၈။**

**ဥက္ကဋ္ဌ**။　　။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က) အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က စာချုပ်စာတမ်းများ မှတ်ပုံတင် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၈။**

**ဒေါက်တာအောင်သူ (ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိမိအနေနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ

စာချုပ်စာတမ်းများ မှတ်ပုံတင် ဥပဒေမူကြမ်းကို အတည်ပြုရန်အတွက် အဆို တင်သွင်းသွားမှာဖြစ်ပါတယ်။ ဦးစွာပထမအနေနဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ယနေ့အစည်းအဝေးမှာ ၁၉၀၈ ခုနှစ်က ရေးဆွဲပြဋ္ဌာန်းထားခဲ့တဲ့ ၁၉၀၈ ခုနှစ် အိန္ဒိယစာချုပ်စာတမ်း မှတ်ပုံတင်အက်ဥပဒေ (The Registration Act No.16 of the 1908)ကို အသစ် ပြန်လည်ရေးဆွဲခဲ့ပြီး အဆိုပါ မူကြမ်းကို တင်ပြသွားမှာဖြစ်ပါတယ်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်ရုံးရဲ့ ၃၁-၁-၂၀၁၄ ရက်နေ့ ရက်စွဲပါ စာအမှတ်၊ ၁/ပထ(စည်းဝေး)၁၀/၂၀၁၄-၅၁ နှင့်ပေးပို့လာမှုအပေါ် ယခင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ ၁၁-၃-၂၀၁၄ ရက်စွဲပါ စာအမှတ်၊ ၂၁/၄၅၃(၁၆-ပထစ)/အဖရ(၂၀၁၄)နှင့် ညွှန်ကြားချက်အရ လက်ရှိ ကျင့်သုံးလျက်ရှိတဲ့ ၁၉၀၈ ခုနှစ်၊ အိန္ဒိယစာချုပ်စာတမ်း မှတ်ပုံတင်အက်ဥပဒေကို အောက်ဖော်ပြပါအကြောင်းအရင်းများကြောင့် အသစ် ပြင်ဆင်ရေးဆွဲရခြင်းဖြစ်ပါတယ်။

(က) လက်ရှိခေတ်စနစ်နဲ့ လျော်ညီမှုမရှိခြင်း၊ (ခ) ၁၉၀၈ ခုနှစ်၊ စာချုပ်စာတမ်း မှတ်ပုံတင်အက်ဥပဒေဟာ အိန္ဒိယအက်ဥပဒေဖြစ်ပြီး အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားခြင်းကို ၁၉၁၄ ခုနှစ်မှာ မြန်မာနိုင်ငံတော် စာချုပ်စာတမ်းများ ရီဇစ္စတြီမှတ်ပုံတင်လက်စွဲဥပဒေအဖြစ် ပြင်ဆင်ခဲ့တဲ့အတွက် မြန်မာဘာသာဖြင့် ရေးသားခဲ့သော်လည်းပဲ ဥပဒေပါ စာသားများမှာ အများပြည်သူအနေနှင့် ဖတ်၍ နားလည်နိုင်မှုမရှိခြင်း၊ (ဂ) ၁၉၀၈ ခုနှစ်၊ စာချုပ်စာတမ်း မှတ်ပုံတင်အက်ဥပဒေကို ပြဋ္ဌာန်းခဲ့စဉ်က မြန်မာနိုင်ငံဟာ အင်္ဂလိပ်ကိုလိုနီနယ်ချဲ့အစိုးရရဲ့ လက်အောက်ခံဖြစ်ပြီး မြန်မာနိုင်ငံအား အိန္ဒိယနိုင်ငံဘုရင်ခံချုပ်မှ အုပ်ချုပ်နေသည့်အချိန်ဖြစ်သည့်အတွက် ယင်းဥပဒေဟာ မြန်မာနိုင်ငံအပါအဝင် အိန္ဒိယနိုင်ငံတစ်ဝန်းလုံးနဲ့လည်း သက်ဆိုင်နေသည့်အတွက် မြန်မာနိုင်ငံနှင့် သက်ဆိုင်ခြင်းမရှိသော စကားရပ်များ၊ အသုံးအနှုန်းများ၊ ပုဒ်မများပါရှိနေခြင်း၊ (ဃ) ယင်းအက်ဥပဒေ ပုဒ်မ ၆ အရ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိများဟာ ခန့်အပ်ရာမှာ အစိုးရအရာရှိ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ သင့်သည်ဟု ထင်မြင်သူတို့ကို အစိုးရက ခန့်ထားနိုင်သည့်အတွက် စာချုပ်စာတမ်း မှတ်ပုံတင်ဌာနဟာ တာဝန်ခံအကြီးအကဲ သီးသန့်ခန့်ထား အုပ်ချုပ်သော Each in his own department ဌာနခွဲဖြစ်နေတဲ့အတွက် သီးခြားဌာနခွဲတစ်ခုအဖြစ် ဥပဒေအရ တည်ရှိနေခြင်းတို့ပဲ ဖြစ်ပါတယ်။

ယခင် ဥပဒေဟောင်းမှာ အခန်း(၁၄)ခန်း၊ ပုဒ်မ (၃၃)ခု ပါရှိပြီး ယခု ရေးဆွဲထားတဲ့ စာချုပ်စာတမ်း မှတ်ပုံတင် ဥပဒေမူကြမ်း ၂၀၁၇ ခုနှစ်မှာတော့ အခန်း(၁၄)ခန်းကနေ အခန်းပေါင်း(၁၇)ခန်း အထိရှိပြီး ပုဒ်မ (၃၃)ခု ကနေပြီး ပုဒ်မ (၈၈)ခုအထိ အောက်ပါအတိုင်း အသစ် ရေးဆွဲထားခြင်းဖြစ်ပါတယ်။

အခန်း(၁)မှာ ပုဒ်မ(၃)ခု ပါရှိပြီး အမည်နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက် ဖြစ်ပါတယ်။ အခန်း(၂)မှာတော့ ပုဒ်မ(၅)ခုပါပြီး တာဝန်ခံဆောင်ရွက်ပေးရမယ့် စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိ အဆင့်ဆင့်နဲ့ စုံစမ်းစစ်ဆေးရေးမှူးတို့ကို သတ်မှတ်ပြဋ္ဌာန်းထားခြင်း ဖြစ်ပါတယ်။ အခန်း(၃)မှာတော့ ပုဒ်မ(၇)ခု ပါရှိပြီး စာချုပ်စာတမ်း မှတ်ပုံတင်ဆောင်ရွက်ရမည့်ရုံးများ ဖွဲ့စည်းတည်ထောင်နိုင်ရန် ပြဋ္ဌာန်းပေးခြင်း

ဖြစ်ပါတယ်။ အခန်း(၄)မှာတော့ ပုဒ်မ(၅)ခုပါရှိပြီး မှတ်ပုံ မတင်မနေရ စာချုပ်စာတမ်း အမျိုးအစားနဲ့ မှတ်ပုံတင်လိုက တင်နိုင်တဲ့ စာချုပ်စာတမ်း အမျိုးအစားသတ်မှတ်ခြင်းနဲ့ မှတ်ပုံတင်သွင်းလာတဲ့ စာချုပ်စာတမ်းများမှာ ပြည့်စုံစွာ ဆောင်ရွက်တင်ပြရမည့် အချက်များကို သတ်မှတ်ပြဋ္ဌာန်းပေးခြင်း ဖြစ်ပါတယ်။ အခန်း(၅)မှာတော့ ပုဒ်မ(၉)ခုပါရှိပြီး စာချုပ်စာတမ်းများကို မှတ်ပုံတင်သွင်းရမည့် အချိန်ကာလ သတ်မှတ်ချက်နှင့် မှတ်ပုံတင်ရမည့်ရုံးများကို သတ်မှတ်ပြဋ္ဌာန်းခြင်းပဲ ဖြစ်ပါတယ်။

အခန်း(၆)မှာတော့ ပုဒ်မ(၅)ခုပါရှိပြီး စာချုပ်စာတမ်း မှတ်ပုံတင်သွင်းခြင်းကို ဆောင်ရွက်ခွင့်ရှိသူများ သတ်မှတ်ပြဋ္ဌာန်းခြင်းနှင့် ၎င်းတို့ လိုက်နာရမည့် စည်းကမ်းပိုင်းဆိုင်ရာ ပြဋ္ဌာန်းထားခြင်း ဖြစ်ပါတယ်။ အခန်း(၇)မှာတော့ ပုဒ်မ(၂)ခုပါရှိပြီး စာချုပ်စာတမ်း ချုပ်ဆိုသူတို့နှင့် သက်သေတို့ကို စာချုပ်စာတမ်းရုံးသို့ လာရောက်ခြင်းနှင့် ကင်းလွတ်ခွင့်နှင့်ပတ်သက်ပြီး လိုက်နာရန် ပြဋ္ဌာန်းချက်များ ဖြစ်ပါတယ်။ အခန်း(၈)မှာ ပုဒ်မ(၆)ခုပါရှိပြီး သေတမ်းစာများ အပ်နှံခြင်းဆိုင်ရာကိစ္စရပ်များ ပြဋ္ဌာန်းထားခြင်း ဖြစ်ပါတယ်။ အခန်း(၉)မှာတော့ ပုဒ်မ(၄)ခုပါရှိပြီး သေတမ်းစာနှင့် ကိတ္တိမသားသမီး မွေးစားခြင်း၊ စာချုပ်များမှတ်ပုံတင်ခြင်းကိစ္စများ ပြဋ္ဌာန်းထားရှိပါတယ်။ အခန်း(၁၀)မှာ ပုဒ်မ(၃)ခုပါရှိပြီး စာချုပ်စာတမ်း မှတ်ပုံတင်ခြင်းရဲ့အကျိုးသက်ရောက်မှုကို ပြဋ္ဌာန်းထားပါတယ်။ အခန်း(၁၁)မှာတော့ ပုဒ်မ(၉)ခုပါရှိပြီး စာချုပ်စာတမ်း မှတ်ပုံတင်ခြင်းကို ဆောင်ရွက်ပေးရမည့်အရာရှိများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။

အခန်း(၁၂)မှာ ပုဒ်မ(၉)ခုပါရှိပြီး စာချုပ်စာတမ်း မှတ်ပုံတင်ခွင့်ပြုရန် ငြင်းပယ်ခြင်းနှင့် အယူခံခြင်းဆိုင်ရာကိစ္စရပ်များကို ပြဋ္ဌာန်းထားပြီး အခန်း(၁၃)မှာ ပုဒ်မ(၂)ခုပါကာ စာချုပ်စာတမ်းများ မှတ်ပုံတင်ခ၊ ရှာဖွေခနှင့် မိတ္တူရေးကူးခများ စတဲ့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးမှာ ထမ်းဆောင်ရမည့် အခကြေးငွေများဆိုင်ရာကိစ္စရပ်များကို ပြဋ္ဌာန်းထားပါတယ်။ အခန်း(၁၄)မှာ ပုဒ်မ(၂)ခုပါရှိပြီး မှတ်ပုံတင်ပြီးဖြစ်သည်ဟု မှတ်ယူရမည့်စာချုပ်စာတမ်းများကို စာချုပ်ရုံးသို့ ပေးပို့လာသည့်အတွက် မှတ်တမ်းထားရှိမှုများကို ကြည့်ရှုခွင့်၊ မိတ္တူရယူခွင့်ဆိုင်ရာကိစ္စရပ်များကို ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ အခန်း(၁၅)မှာ ပုဒ်မ(၂)ခုပါရှိပြီး စာချုပ်စာတမ်း မှတ်ပုံတင်ပေးတဲ့လုပ်ငန်းနဲ့ စပ်လျဉ်းပြီး မှတ်ပုံတင်ရုံးမှာ ရှိတဲ့ဝန်ထမ်းများနှင့် မှတ်ပုံတင်သွင်းသူများမှ လိုက်နာရမည့်တားမြစ်ချက်များကို ပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။

အခန်း(၁၆)မှာ ပုဒ်မ (၄)ခု ပါရှိပြီး အခန်း(၁၅)ပါ တားမြစ်ချက်များကို ချိုးဖောက်ကျူးလွန်ပါက ချမှတ်ရမည့် ပြစ်ဒဏ်များဆိုင်ရာကိစ္စကို ပြဋ္ဌာန်းထားခြင်း ဖြစ်ပါတယ်။ အခန်း(၁၇)မှာတော့ ပုဒ်မ(၁၁)ခုပါရှိပြီး အထွေထွေပိုင်းဆိုင်ရာကိစ္စရပ်များကို ပြဋ္ဌာန်းထားခြင်းဖြစ်ပါတယ်။

အထက်ဖော်ပြပါ ဥပဒေမူကြမ်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေနဲ့ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ စုစုပေါင်း (၄)ကြိမ်တိတိ ပေးပို့ပြီး သဘောထားမှတ်ချက်များ တောင်းခံခဲ့ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ သဘောထားမှတ်ချက်များနှင့်အညီ ပြင်ဆင်ဆောင်ရွက်ထားပြီးလည်း ဖြစ်ပါတယ်။ ယခု အသစ်ရေးဆွဲပြုစုထားတဲ့ ဥပဒေမူကြမ်းကို ယခုလက်ရှိ ကြုံတွေ့နေရတဲ့ စာချုပ်စာတမ်း မှတ်ပုံတင်လုပ်ငန်းဆိုင်ရာ ကန့်သတ်ချက် အခက်အခဲများကို ကျော်လွှား

နိုင်ရန်၊ နိုင်ငံတော်အတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ နိုင်ငံသူ၊ နိုင်ငံသားများအားလုံး နားလည်သဘောပေါက်လွယ်ပြီး လိုက်နာကျင့်သုံးတတ်စေရန်၊ ထိုသို့ လိုက်နာကျင့်သုံးခြင်းဖြင့် နိုင်ငံသူ၊ နိုင်ငံသားများ တစ်ဦးနှင့်တစ်ဦး၊ အဖွဲ့အစည်းတစ်ခုနှင့်တစ်ခု လိမ်လည်လှည့်ဖြားခြင်းမှ ကင်းဝေးစေရန်နှင့် လက်ရှိ ခေတ်စနစ်နှင့်ကိုက်ညီအောင် ယခင် အတွေ့အကြုံရှိသော အငြိမ်းစားဝန်ထမ်းဟောင်းများ၊ ဥပဒေပညာရှင်များ၊ လက်ရှိ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများတို့ရဲ့ အကြံပြုချက်များဖြင့် လက်ရှိခေတ်နှင့်လျော်ညီအောင် အတတ်နိုင်ဆုံး ကြိုးစားအားထုတ်ပြီး အသစ် ပြင်ဆင်ရေးဆွဲတင်ပြရခြင်းဖြစ်ပါတယ်။

အထက်ဖော်ပြပါ အသစ် ပြင်ဆင် ဖြည့်စွက်ရေးဆွဲထားတဲ့ ဥပဒေမူကြမ်းဟာ မူလဥပဒေရဲ့ အနှစ်သာရဖြစ်တဲ့ ပြည်သူအချင်းချင်း သဘောတူ ချုပ်ဆိုထားတဲ့ စာချုပ်စာတမ်းများကို မှတ်ပုံတင်ထားပေးခြင်းဖြင့် လိမ်လည်မှုမှ ကင်းဝေးစေရန်နှင့် ဥပဒေကြောင်းအရ ခိုင်မာမှုရှိစေရန်နှင့် တည်ဆဲဥပဒေများအရ မှတ်ပုံတင်စာချုပ်ဖြင့်သာ ဆောင်ရွက်နိုင်ကြောင်း ပြဋ္ဌာန်းထားတဲ့ စာချုပ်စာတမ်းများကို မှတ်ပုံတင်ပေးရန် ဆိုတဲ့ ရည်ရွယ်ချက်များကို ပိုမိုခိုင်မာသွားစေမှာဖြစ်တဲ့အပြင် အဆိုပါ ဥပဒေမူကြမ်းကို မြန်မာဘာသာဖြင့် ခေတ်ကာလနှင့်အညီ ရှင်းလင်းစွာ ပြန်လည်ရေးသားထားသည့်အတွက် ပြည်သူများအနေနဲ့ အလွယ်တကူ ဖတ်ရှုနားလည်နိုင်မှာ ဖြစ်ပါတယ်။ ထိုသို့ သိရှိနားလည်နိုင်ပြီး စာချုပ်စာတမ်းများကို လာရောက်မှတ်ပုံတင်ခြင်းအားဖြင့် နိုင်ငံတော်အတွက်လည်းပဲ ထိုက်သင့်တဲ့ အခွန်ငွေများကို ရရှိစေနိုင်မယ့်အကျိုးကျေးဇူးများ ရရှိမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ စာချုပ်စာတမ်းများ မှတ်ပုံတင် ဥပဒေမူကြမ်းကို အတည်ပြု ပြဋ္ဌာန်းနိုင်ရေးအတွက် အမျိုးသားလွှတ်တော်သို့ အဆို တင်သွင်းအပ်ပါတယ်။ အမျိုးသားလွှတ်တော်မှ ဆွေးနွေးဆုံးဖြတ်ပေးပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က စာချုပ်စာတမ်းများ မှတ်ပုံတင် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၁း၀၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(ခ)အရ စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၇။**

**ဒေါက်တာမျိုးအောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)က အမျိုးသား

လွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဒေါက်တာမျိုးအောင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ စာချုပ်စာတမ်းများ မှတ်ပုံတင်ခြင်း ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို လေးစားစွာ ဖတ်ကြား တင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊ ၁/ အမ (ကော်မတီ-၁)၁/၂၀၁၇ -

ရက်စွဲ၊ ၂၀၁၇ ခုနှစ် ၊ မေလ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် စတင် ဆွေးနွေးနိုင်ရန်အတွက် ၈-၅-၂၀၁၇ ရက်နေ့တွင် ပေးပို့လာပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တောင်သူလယ်သမားရေးရာကော်မတီမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်မှ ပညာရှင်တို့နှင့် ၂၃-၅-၂၀၁၇ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

## လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(က) အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ပိုမိုပြည့်စုံမှုရှိစေရန်နှင့် ရေးထုံး မှန်ကန်မှုရှိစေရန်အတွက် မူလဥပဒေကြမ်း ပုဒ်မ ၃၊ ပုဒ်မခွဲ(ဃ)တွင် ဖော်ပြထားသော သို့ရာတွင် ဆိုသည့် စကားကို ယင်းစကားရပ်တွင် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မခွဲ ၃(ဇ) တွင် ဖော်ပြထားသောစကားရပ်များအစား ကိုယ်စားပြုသူ ဆိုသည်မှာ အရွယ်မရောက်သေးသူ သို့မဟုတ် ရူးသွပ်သူကို တရားဝင်အုပ်ထိန်းခွင့်ရသည့်ပုဂ္ဂိုလ်ကို ဆိုသည်။ ယင်းစကားရပ်တွင် ဌာန၊ အဖွဲ့အစည်း၊ ကုမ္ပဏီ၊ အသင်းအဖွဲ့ဖြစ်ပါက ဌာန၊ အဖွဲ့အစည်း၊ ကုမ္ပဏီ၊ အသင်းအဖွဲ့၏ ကိုယ်စား အစည်းအဝေးမှတ်တမ်း ဆုံးဖြတ်ချက်အရ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်လည်းပါဝင်သည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၃၊ ပုဒ်မခွဲ(ဍ)၏နောက်တွင် ပုဒ်မခွဲ(ပ)နှင့် ပုဒ်မခွဲ(ဏ)အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(ဃ) မှတ်ပုံတင်အရာရှိ ဆိုသည်မှာ ဤဥပဒေအရ စာချုပ်စာတမ်းများကို မှတ်ပုံတင်ရန် တာဝန်ပေးအပ်ခြင်းခံရသည့် အရာရှိကိုဆိုသည်။

(ဏ) စုံစမ်းစစ်ဆေးရေးမှူးဆိုသည်မှာ သက်ဆိုင်ရာခရိုင်အတွင်း စာချုပ်စာတမ်း မှတ်ပုံတင်လုပ်ငန်း ဆောင်ရွက်ချက်များကို စစ်ဆေးရန် တာဝန်ရှိသည့် ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးကို ဆိုသည်။

(ခ) အရေးအသားဆီလျော်ညီညွတ်မှုရှိစေရန်အတွက် မူလဥပဒေကြမ်း ပုဒ်မ ၁၆ ခြေဆင်းတွင် ဖော်ပြထားသော စကားရပ်များအစား အောက်ပါ စာချုပ်စာတမ်းများသည် ဤဥပဒေအရ မှတ်ပုံမတင်မနေရ စာချုပ်စာတမ်းများအဖြစ် သတ်မှတ်သည်- ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၁၇ ခြေဆင်းတွင် ဖော်ပြထားသော စကားရပ်များ အစား အောက်ပါ စာချုပ်စာတမ်းများသည် ဤဥပဒေအရ မှတ်ပုံတင်လိုက တင်နိုင်သော စာချုပ်စာတမ်း အမျိုးအစားများဖြစ်သည်- ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၁၇၊ ပုဒ်မခွဲ(စ)တွင် ဖော်ပြထားသော သာမန်ဒီကရီများ ဆိုသည့်စကားရပ်ကို ဒီကရီများ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၂၈ တွင် ဖော်ပြထားသော စကားရပ်များ အစား စုံစမ်းစစ်ဆေးရေးမှူးသည် ပုဒ်မ ၂၇ အရ တာဝန်ပေးအပ်လာပါက ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိကိုသော်လည်းကောင်း၊ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးရှိ ဝန်ထမ်းကိုသော်လည်းကောင်း၊ မှတ်ပုံတင်သွင်းလာသည့် စာချုပ်စာတမ်းနှင့် သက်ဆိုင်သူ မည်သူကိုမဆို ဆင့်ဆို၍ စစ်ဆေးနိုင်ခွင့်ရှိသည် ဆိုသည့် စကားရပ်များဖြင့်လည်းကောင်း၊ ပုဒ်မ ၃၀ ခြေဆင်းတွင် ဖော်ပြထားသော ပုဒ်မ ၂၉ နှင့် ပုဒ်မ ၈၂ တို့ပါ အချက်မှတစ်ပါး ပုဒ်မ ၁၀ နှင့် ပုဒ်မ ၁၁ တို့ပါ ဆိုသည့်စကားရပ်ကို ပုဒ်မ ၂၉ သို့မဟုတ် ပုဒ်မ ၈၂ တို့ပါ အချက်မှတစ်ပါး ပုဒ်မ ၁၀ သို့မဟုတ် ပုဒ်မ ၁၁ တို့ပါ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၃၁၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၃)တွင် ဖော်ပြထားသော ကိုယ်စား သို့မဟုတ် ကိုယ်စားလှယ်လွှဲအပ်ခံရသူများ ဆိုသည့်စကားရပ်ကို ကိုယ်စားပြုသူ သို့မဟုတ် ကိုယ်စားလှယ် လွှဲအပ်ခံရသူများ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) မူလဥပဒေကြမ်း ပုဒ်မ ၃၂၊ အပိုဒ်ခွဲ(ခ) တွင် ဖော်ပြထားသော ကိုယ်စားဆောင်ရွက်သူများဆိုသည့်စကားရပ်ကို ကိုယ်စားပြုသူများ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၄၁ တွင် ဖော်ပြထားသော စကားရပ်များအစား ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် အပ်နှံထားသည့် သေတမ်းစာများကို ပြန်လည် ထုတ်ပေးရန် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ လျှောက်ထားချက် လက်ခံရရှိလျှင် လျှောက်ထားသူကို မိမိထံအပ်နှံသည့် သေတမ်းစာရေးသားသူ ကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်လွှဲအပ်ခံရသူ ဟုတ်မဟုတ် စိစစ်ပြီး မှန်ကန်ကြောင်းတွေ့ရှိပါက သေတမ်းစာကို ပြန်လည်ထုတ်ပေးရမည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ

၄၅၊ ပုဒ်မခွဲ(ခ)တွင် ဖော်ပြထားသော သေတမ်းစာရေးသူနှင့် တစ်နည်းနည်းဖြင့် သက်ဆိုင်သူ ဆိုသည့် စကားရပ်ကို အမွေထိန်းဖြစ်သူ သို့မဟုတ် သေတမ်းစာရေးသူနှင့် တစ်နည်းနည်းဖြင့် သက်ဆိုင်သူ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၄၆ တွင် ဖော်ပြထားသော ၁၉၃၉ ခုနှစ် ကိတ္တိမ မွေးစားခြင်း အက်ဥပဒေနှင့်အညီ ဆိုသည့်စကားရပ်ကို ၁၉၃၉ ခုနှစ် ကိတ္တိမမွေးစားခြင်းအက်ဥပဒေ (The Registration of Kittima Adoption Act) နှင့်အညီ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပိုမို ပြည့်စုံမှုရှိစေရန်အတွက် အခန်း(၁၁)ခေါင်းစဉ်တွင် ဖော်ပြထားသော စကားရပ်များ အစား မှတ်ပုံတင်အရာရှိနှင့် စုံစမ်းစစ်ဆေးရေးမှူးတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၅၁၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၁)တွင် ဖော်ပြထားသော တရားဝင်ကိုယ်စားလှယ် ဆိုသည့်စကားရပ်ကို ကိုယ်စားလှယ် လွှဲအပ်ခံရသူဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၅၇ တွင်ပါရှိသော စည်းကမ်းတကျ ဥပဒေနှင့်အညီ ဆိုသည့် စကားရပ်ကို ဥပဒေနှင့်အညီ ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ ပုဒ်မ ၆၀၊ ပုဒ်မခွဲ(ခ)၏ နောက်တွင် ပုဒ်မခွဲ(ဂ)အဖြစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်း မှတ်ပုံတင် အရာရှိ၏ အဆုံးအဖြတ်သည် အပြီးအပြတ် ဖြစ်သည်ဟု အသစ် ဖြည့်စွက်၍လည်းကောင်း အသီးသီး အစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) ရေးထုံး မှန်ကန်မှုရှိစေရန်အတွက် မူလဥပဒေကြမ်း ပုဒ်မ ၅၅၊ ပုဒ်မ ၆၁၊ ပုဒ်မ ၆၂ ခြေဆင်း၊ ပုဒ်မ ၆၃ တို့တွင်ပါရှိသော ခရိုင်စာချုပ်စာတမ်း မှတ်ပုံတင်စစ်ဆေးရေးမှူး ဆိုသည့်စကားရပ်ကို စုံစမ်းစစ်ဆေးရေးမှူး ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၇၇ တွင် ဖော်ပြထားသော ထောင်ဒဏ် ခုနှစ်နှစ် ချမှတ်ရမည် ငွေဒဏ်လည်း ချမှတ်ရမည် ဆိုသည့် စကားရပ်ကို ထောင်ဒဏ် ခုနှစ်နှစ် ချမှတ်ရမည့်အပြင် ငွေဒဏ် လည်း ချမှတ်နိုင်သည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၉၇ နှင့် ညီညွတ်မှုရှိစေရန်အတွက် ပုဒ်မ ၈၇ ကို အောက်ပါအတိုင်း အစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်-

၈၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(င) ဥပဒေရေးထုံး မှန်ကန်မှုရှိစေရန်အတွက် မူလဥပဒေကြမ်း ပုဒ်မ ၃၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၁၃၊ ပုဒ်မ ၁၉၊ ပုဒ်မ ၂၃၊ ပုဒ်မခွဲ (က)၊ (ခ)၊ ပုဒ်မ ၂၄၊ ပုဒ်မခွဲ (က)၊ (ခ)၊ ပုဒ်မ ၂၉၊ ပုဒ်မ ၃၀၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၁)၊ ပုဒ်မ ၃၁၊ ပုဒ်မခွဲ (က)၊ (ခ)၊ ပုဒ်မ ၃၂ ခြေဆင်း၊ ပုဒ်မ ၃၃

ခြေဆင်း၊ ပုဒ်မ ၃၄ ခြေဆင်း၊ ပုဒ်မ ၃၅၊ ပုဒ်မ ၃၆ ၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၃၈၊ ပုဒ်မ ၄၀ ခြေဆင်း၊ ပုဒ်မ ၄၂ ခြေဆင်း၊ ပုဒ်မ ၄၃၊ ပုဒ်မ ၄၄၊ ပုဒ်မ ၄၅ ခြေဆင်း၊ ပုဒ်မ ၅၀ ခြေဆင်း ၊ ပုဒ်မ ၅၁ ခြေဆင်း၊ ပုဒ်မ ၅၂၊ ပုဒ်မ ၅၃ ခြေဆင်း၊ ပုဒ်မ ၅၄ ခြေဆင်း၊ ပုဒ်မ ၅၅ ၊ ပုဒ်မခွဲ(က)၊ (ခ)၊ ပုဒ်မ ၅၉ ခြေဆင်း၊ ပုဒ်မ ၆၀ ခြေဆင်း၊ ပုဒ်မ ၆၁၊ ပုဒ်မ ၆၃၊ ပုဒ်မ ၆၄၊ ပုဒ်မ ၆၆၊ ပုဒ်မ ၆၇၊ ပုဒ်မ ၈၀၊ ပုဒ်မ ၈၁၊ ပုဒ်မ ၈၃၊ ပုဒ်မ ၈၄၊ ပုဒ်မခွဲ (ဂ) တို့တွင် ဖော်ပြထားသော ပုဒ်မ ၇ နှင့် ပုဒ်မ ၈ ဆိုသည့်စကားရပ်ကို ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ၂၅ ၊ ပုဒ်မ၂၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၂၉၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (က)တို့တွင် ဖော်ပြထားသော ပုဒ်မ ၁၀ နှင့် ပုဒ်မ ၁၁ ဆိုသည့်စကားရပ်ကို ပုဒ်မ ၁၀ သို့မဟုတ် ပုဒ်မ ၁၁ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေကြမ်း အပေါ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တောင်သူလယ်သမားရေးရာ ကော်မတီမှတာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်တို့နှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်ပါ၍ အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက် နိုင်ပါရန် လေးစားစွာ အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ကျေးဇူး တင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၁၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုတဲ့ လွှတ်တော် ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ် ရေးထိုးပြီး ၇-၆-၂၀၁၇(ဗုဒ္ဓဟူးနေ့)ထက်နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး အဌမနေ့ ရပ်နားကြောင်းနှင့် နဝမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၂၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး အဌမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး နဝမနေ့ကို ၂၀၁၇ ခုနှစ်၊ ဇွန်လ ၅ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး အဌမနေ့ကို ၁၁း၂၀ နာရီ အချိန်တွင် ရပ်နားပါသည်။]